www.burmeseclassic.com

မိန်းမတို့ကျငြွေ

ရွှေပေးလို့မရ

သုတေသီ

# ဘုန်းမြင့်သွေး



တတိယ အကြိမ်

www.burmeseclassic.com

www.burmeseclassic.com

# ဖိန်းမတို့ကျာမြှေ

## ရွှေပေးလို့မရ

သုတေသီ

**ဘုန်းမြင့်ဈေး**

**မြတ်ပန်းရဂုံစာပေ**

၄၇၃ (က)၊ နီလာ ၆ - လမ်း။
(၈) ရပ်ကွက်၊ မြောက်ဥက္ကလာပ၊ ရန်ကုန်မြို့။
ဖုန်း - ၆၉၀၆၁၁ (အိမ်)
ဖုန်း - ၀၉ ၅၁ ၃၉၄၅၀ ၊ ၀၉ ၅၁ ၅၅၇၄၉ (ဆိုင်)

BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com

စာမူခွင့်ပြုချက်အမှတ် – ၄၄၉/၉၅ (၈)
မျက်နှာဖုံးခွင့်ပြုချက်အမှတ် – ၄၇၀/၉၅ (၈)
တတိယအကြိမ် – ၁၉၉၅–ခု၊ အောက်တိုဘာ
အုပ်ရေ – ၅၀၀
မျက်နှာဖုံးပန်းချီ – သာတင့်ထက်
မျက်နှာဖုံးကာလာခွဲ – ကျောက်စိမ်းအော့ဖ်ဆက်

**ကွန်ပျူတာစာစီ**

မျိုးမော်ကွန်ပျူတာ (ဖုန်း ၇၁၈၄၈)

**ထုတ်ဝေသူ**

ဦးတင့်ဆန်း (မြ–၀၉၁၁)၊ ငမိုးရိပ်စာပေ
၄၈၃၊ နှယ်နီ (၃)လမ်း၊ မြောက်ဥက္ကလာပ။

**ပုံနှိပ်သူ**

ဒေါက်တာအေးအေးမြင့် (၄၂၉–ယာယီ) မြစ်မခအော့ဖ်ဆက်
၁၁၂/၃၃–လမ်း၊ ရန်ကုန်မြို့။

**မျက်နှာဖုံးပုံနှိပ်သူ**

ဦးကျော်စိန် (၀၂၉၀၉) ကျောက်စိမ်းအော့ဖ်ဆက်
အမှတ် ၁၇၁၊ ၃၃–လမ်း၊ ရန်ကုန်မြို့။

တန်ဖိုး • ၂၀၀/–

# ရခဲမှ ရတနာ

# သိခဲမှ ပညာ

www.burmeseclassic.com

www.burmeseclassic.com

## မြတ်ပန်းရုံစာပေတိုက်တွင် ရနိုင်သော သုတေသီဘုန်းမြင့်သွေး၏ စာအုပ်များ

၁။ လူ့စိတ်တစ်လုံး အခက်ဆုံး
၂။ ဒေါသသမား အမှားများစွာ
၃။ သတ္တဝါတစ်ခု ကံတစ်ခုနှင့်
ကံကောင်းအောင်ကြိုးစားနည်း
၄။ ရွှေစကားပုံ ရွှေအဆိုအမိန့်များ

ယခု

၅။ မိန်းမတို့ဉာဏ်ရွေ့ရွှေပေးလို့မရ

ဆက်လက်၍

၆။ လူတောတိုးဖို့ လူရာဝင်ဖို့
(ဒုတိယအကြိမ်)
၇။ လူ့ဘဝမှာ အရေးကြီးလှတဲ့ အကျင့်စာရိတ္တ
၈။ အချစ်၏ဆန်းကြယ်ခြင်း

# မာတိကာ


ကောင်းတဲ့စိတ်စေတသိက်ပေါ်မှာ ဉာဏ်ရွေ့ဆိုတာရှိတယ် -- ၁
ယောကျ်ားမှာ လက်ရုံး၊ မိန်းမမှာနလုံး --- ၈
ဟဲလွန်နီဆိုတဲ့ မိန်းမမျိုး -------------------- ၁၃
မိန်းမတစ်ယောက်မှာ ကောင်းခြင်းငါးဖြာရှိရုံနဲ့တော့ -- ၂၂
မိန်းမတို့ရဲ့ ပုံစံအပြစ် (၆)ပါး ---------------- ၂၅
ဘယ်သူပြိုင်လို့ လှပါတော့နိုင် ---------------- ၂၈
မိန်းမတို့ ပျက်စီးကြောင်း (၉)ချက် ------------- ၃၄
လင်ယူပြီး အိမ်ထောင်မကျ ------------------ ၃၈
အူတိုတဲ့မိန်းမဆိုးများ ---------------------- ၄၂
မိန်းမလက်နက် ------------------------- ၄၉
မိန်းကလေးနှုတ်ကယောင်သွားတဲ့ စကားတစ်ခွန်း --- ၅၆
မာယာလေးဆယ် ------------------------ ၆၁
ကာမေသုကံရဲ့ အပြစ်ဒဏ် (၁၄)ချက် ------------ ၆၄
မိန်းမစကားပုံ ------------------------ ၆၇
မိန်းမသဘောတရား ---------------------- ၇၇
ဘာသာတရားကိုင်းရှိုင်းမှ မိန်းမပိုပီသ ------------ ၈၁


www.burmeseclassic.com

www.burmeseclassic.com

မိန်းမမြတ်ဂုဏ်အင်္ဂါ (၉)ဖြာ ---------------- ၉၆
မိန်းမကောင်းဖြစ်ဖို့အတွက် လိုတဲ့ (၂၁)ချက် ----- ၉၉
မယားဆိုး (၁၅)၊ မယားမြတ်(၈)ယောက် ------- ၁၀၂
မိန်းမမြတ်ဖြစ်ကြောင်း တရား(၄)ပါး ---------- ၁၀၅
ကညာဗဟုသုတ ---------------------- ၁၀၈
မိန်းမတို့ဣန္ဒြေ ရွှေပေးလို့မရ -------------- ၁၁၀
ကျမ်းကိုးစာရင်း ---------------------- ၁၁၃

BURMESE CLASSIC .com

# ကောင်းတဲ့ စိတ်စေတသိက်ပေါ်မှာ ဣန္ဒြေဆိုတာ ရှိတယ်

မြန်မာလူမျိုးတွေရဲ့ ဆိုရိုးပြောစကားအရမှာ "မိန်းမတို့ဣန္ဒြေ ရွှေပေးလို့မရ" လို့ ရှိပါတယ်။ အဲဒီစကားအရ မြန်မာမလေးတွေဟာ ဘယ်လောက်ထိ ဂုဏ်သရေရှိကြတယ်ဆိုတာကို သိနိုင်ပါတယ်။

အဲဒီစကားပုံကောင်းကို ထာဝရ ပြောနေနိုင်ဖို့ အဲသည့် စကားပုံထဲကလို ဖြစ်နေဖို့အတွက်က မြန်မာမလေးတွေတိုင်းမှာ တာဝန်ရှိနေတယ်လေ။

"အာရှတိုက်မှာ မြန်မာနိုင်ငံက မြန်မာမလေးတွေဟာ အခြား အာရှနိုင်ငံက မိန်းကလေးတွေထက် ဉာဏ်သိက္ခာရှိကြကြောင်း ကျွန်တော် လုံးဝ ယုံကြည်ပါတယ်"လို့ ဂျပန်

www.burmeseclassic.com

www.burmeseclassic.com



နိုင်ငံက ခရီးသွားဧည့်သည်တစ်ဦးက မှတ်ချက်ချဖူးတာကို စာရေးသူကိုယ်တိုင် နားနဲ့ဆတ်ဆတ် ကြားခဲ့ဖူးပါတယ်။ ဒါဟာ မြန်မာမလေးတွေအတွက် ဂုဏ်ယူစရာပါ။

မိန်းမတစ်ယောက်ရဲ့ ဣန္ဒြေဟာ ရွှေထက် အဖိုးတန်တယ်။ ငွေထက် အဖိုးတန်တယ်။ စစ်မှန်တဲ့ ဣန္ဒြေဟာ ရွှေငွေနဲ့ လဲလှယ်ခွင့် မရဘူးလေ။

ရွှေယူ ငွေယူ၊ ကလူသလို မြူသလို ချူတတ်တဲ့ မိန်းမဆိုတာ မိန်းမပီသတာမှ မဟုတ်ဘဲ။

ဣန္ဒြေဆိုတာ ဘာကိုခေါ်သလဲ၊ ဘာကြောင့် အဖိုးတန်တဲ့ရွှေ၊ လူတွေလိုချင်လှတဲ့ ရွှေကို ပေးလို့မရတာလဲ။

အဲသည်မှာ ဣန္ဒြေဆိုတာဟာ ဘယ်လောက် အတိုင်းအတာအထိ ကျယ်ပြန့်တယ်ဆိုတာ သေသေချာချာ စဉ်းစားရတော့မယ်။

ရှက်ခြင်းကို ထိန်းချုပ်လို့ တည်တည်ငြိမ်ငြိမ် သန့်သန့်လေး နေတာက ဣန္ဒြေလို့ အကြမ်းဖျင်း ဆိုရပေမယ့် ဣန္ဒြေရဲ့ သဘောတရားထဲမှာ--

* သစ္စာရှိတာ၊
* အသိတရား ဖွံ့ဖြိုးတာ၊
* သတိတရား မြဲမြံတာ၊
* ကျန်းမာခြင်းနဲ့ ပြည့်စုံတာ၊



* မေတ္တာစိတ် ကိန်းဝပ်တာ၊
* လူမျိုးရဲ့ ယဉ်ကျေးမှု အစဉ်အလာကို ထိန်းသိမ်းတာတွေ ပါဝင်ပတ်သက်လာတယ်။ မျက်နှာလေး ပေါ်က ဣန္ဒြေကိုတင် ကြည့်လို့မရဘူး။ အဝတ်အစားကိုရော၊ အသွားအလာ အပြောအဆိုရော၊ အရေပြားပေါ်ကိုရော၊ အရေပြားအောက်က နှလုံးသားကိုပါ ကြည့်ရလိမ့်မယ်။

ရှုထောင့် ပေါင်းစုံ ဘက်ပေါင်းစုံကို ကြည့်ပြီး မိန်းမတစ်ယောက်ရဲ့ ဣန္ဒြေကို သတ်မှတ်ရမှာ ဖြစ်တယ်။

မိန်းမကောင်းတစ်ယောက် ဖြစ်ဖို့ဆိုတာက မလွယ်လှတဲ့ ကိစ္စပါ။ မကောင်းတဲ့ အသေးအဖွဲကလေးပေါင်း များစွာကိုတောင် ပယ်ရှောင်နိုင်ရမယ်။ မိန်းမကောင်း ဖြစ်ဖို့ထက် မိခင်ကောင်း ဖြစ်ဖို့ဟာ ပိုပြီး လိုပြန်ပါတယ်။

တရားတော်မှာ "ဓမ္မော ဟဝေ ရက္ခတိ ဓမ္မစာရီ" လို့ ရှိတယ်။ အဓိပ္ပာယ်ကတော့ တရားကျင့်သူကို တရားက ပြန်၍ စောင့်ရှောက်ပါတယ်လို့ ဆိုတယ်။

မိန်းမလေးတွေမှာတော့ ဣန္ဒြေရှိသူကို အဲဒီ ဣန္ဒြေကပဲ စောင့်ရှောက်တယ်၊ ထိန်းသိမ်းပေးတယ်။

ဣန္ဒြေမဲ့ရင် မဲ့သလောက် မိန်းကလေး တစ်ယောက်ရဲ့ တန်ဖိုးဟာ ကျပြီး ရှိရင် ရှိသလောက်ကို တန်ဖိုးတက်တာ ပါပဲ။

www.burmeseclassic.com

www.burmeseclassic.com



ဉာဏ်ရွှေမှာ ဟိရိနဲ့ ဩတ္တပ္ပ တရားကလည်း ဦးဆောင်မှုအပိုင်းက ပါတယ်။ စိတ်ကို ကောင်းအောင် ခြယ်လှယ်တဲ့ စေတသိက်(၁၄)ပါးကို ကြိုးစားရင် မိန်းကလေး ဉာဏ်ရွှေဆိုတာ နိုင်မြဲတယ်။

ဉာဏ်ရွှေရှိအောင်၊ နိုင်မာအောင်၊ တည်မြဲအောင် ဘာကို သိထားရမလဲ၊ ဘာကို ကြိုးစားရမလဲ။ အဲသည်မှာ သိထားရမှာက စိတ်ကို ကောင်းအောင် ခြယ်လှယ်တဲ့ စေတသိက် (၁၄)ပါးနဲ့ မကောင်းအောင် ခြယ်လှယ်တဲ့ (၁၄)ပါးကို သဘောပေါက် သိရတော့မယ်လေ။ မကောင်းတဲ့ (၁၄)ပါးက မိန်းမ ဉာဏ်ရွှေကို လုံးဝ ပျက်စေပါတယ်။

အဲဒါကတော့--

၁။ မောဟစိတ်ရှိတာ၊

၂။ မာနစိတ်ရှိတာ၊

၃။ ဒေါသစိတ်ရှိတာ၊

၄။ ဣဿာများတာ၊

၅။ မစ္ဆရိယများတာ၊

၆။ ကုက္ကုစ္စပွားတာ၊

၇။ ထိနဆိုတဲ့ ထိုင်းမှိုင်းနေတာ၊

၈။ မိဒ္ဓဆိုတဲ့ တွေဝေနေတာ၊

၉။ ဝိစိကိစ္ဆာ၊



၁၀။ လောဘတွေတက်နေတာ၊

၁၁။ ဒိဋ္ဌိဖြစ်တာ၊

၁၂။ အနောတ္တပ္ပ၊

၁၃။ အဟိရိက၊

၁၄။ ဥဒ္ဓစ္စ ဆိုတာတွေပဲလေ။

အဲသည့် စိတ်ယုတ်တွေဟာ ယောကျ်ားမှာ ရှိရင်တောင် ယောကျ်ား သိက္ခာကျတာ၊ မိန်းမမှာ ရှိရင်တော့ ဉာဏ်ရွှေဆိုတာ ပျက်တော့တာပေါ့။ အဲသည် စိတ်ယုတ်တွေကနေ ဉာဏ်ရွှေကို မပျက် ပျက်အောင် ဖျက်တာပဲ။

ဉာဏ်ရွှေရှိချင်ရင် စိတ်ကို သတိထားခြင်းနဲ့ အမြဲတစေ အသုံးချ တည့်မတ်ပေးနေရမယ်။

ဉာဏ်ရွှေရချင်ရင် မျက်လုံးကြည့်ခြင်းနဲ့ အမြဲတစေ အသုံးချနေရမယ်။ အဲဒါတင် မကသေးဘဲ နားကိုစွင့်ခြင်း၊ ထောင်ခြင်းနဲ့ အမြဲတစေ နိုးနိုးကြားကြား ရှိနေရမယ်။

အရေးကြီးဆုံးကတော့ ဉာဏ်ကို ကျိုးကြောင်း၊ ဆိုးကောင်း ဆင်ခြင်တိုင်းတွာခြင်းနဲ့ အမြဲတစေ အသုံးချနေရမယ်။

ဉာဏ်ရွှေဟာ မလွယ်ဘူး၊ အဲသည်လို မလွယ်လို့လည်း ရွှေပေးလို့မရဆိုတဲ့ စကားနဲ့ တင်စားကြရတာပါ။

ဘယ်လိုနည်းနဲ့ ဉာဏ်ရွှေကို တည်ဆောက်ယူမလဲ၊

www.burmeseclassic.com

www.burmeseclassic.com



အဲသည်မှာရှိတဲ့ နည်းလမ်းက စိတ်ကိုကောင်းတဲ့ စေတသိက် (၁၄)ပါးနဲ့ ယှဉ်ကြိုးစားပြီး ဣန္ဒြေကို မရ,ရအောင် ကြိုးစားကြရမှာပါပဲ။ ဣန္ဒြေကို မလွဲမသွေ ရရှိနိုင်တဲ့ အကြောင်းဖြစ်တဲ့ ကောင်းတဲ့ စေတသိက် (၁၄)ပါးကတော့--

၁။ အဒေါသစိတ်၊

၂။ အမောဟစိတ်၊

၃။ အလောဘစိတ်၊

၄။ ဟိရီ၊

၅။ ဩတ္တပ္ပ၊

၆။ သတိ၊

၇။ သဒ္ဓါ၊

၈။ မေတ္တာ၊

၉။ ကရုဏာ၊

၁၀။ မုဒိတာ၊

၁၁။ ဥပေက္ခာ၊

၁၂။ သမ္မာဝါစာ၊

၁၃။ သမ္မာကမ္မန္တ၊

၁၄။ သမ္မာအာဇီဝ ဆိုတာတွေပါပဲ။

ဘဝကို မြတ်နိုးတဲ့ မိန်းကလေး၊ ဣန္ဒြေရှိချင်တဲ့ မိန်းကလေး ဖြစ်ချင်ရင် အဲသည် စိတ်ကို ကောင်းအောင်



ခြယ်လှယ်တဲ့ စေတသိက် (၁၄)ပါးကို ကြိုးစားတည်ဆောက်ရမယ်။

အဲသည်အကြောင်းကို သိထားရမယ်၊ ဣန္ဒြေကို ပေးနိုင်တဲ့ အညာက အဲတာပဲ။

အကျိုးကိုလိုချင်ရင် အကြောင်းကို တွန့်ဆုတ်မနေပါနဲ့။ အကြောင်းမှာ တွန့်ဆုတ်နေရင် အကျိုးမှာ ရှုံ့ယုတ်နေမှာ ဖြစ်တော့တယ်။

ရွှေက အဖိုးတန်တယ်၊ ဒါပေမယ့် ဣန္ဒြေနဲ့ ရွှေနဲ့ ယှဉ်လိုက်ရင် ရွှေက အလကားပဲ။

ဣန္ဒြေဟာ မိန်းကလေး တစ်ယောက်အတွက် ပတ်ဝန်းကျင် ချစ်ဆေးပဲ။ လောကမှာ မိန်းကလေးကောင်း တစ်ယောက် အတွက် အရေးကြီးတဲ့ တစ်ချက်၊ ကိုယ့်ကို ပတ်ဝန်းကျင်က မချစ်ပေမယ့် မမုန်းဖို့ အရေးကြီးတယ် မဟုတ်လား။

*****

www.burmeseclassic.com

www.burmeseclassic.com

# ယောကျ်ားမှာ လက်ရုံး၊ မိန်းမမှာ နှလုံး

"ယောကျ်ားမှာ လက်ရုံး၊ မိန်းမမှာ နှလုံး"လို့ ဆိုပါတယ်။ အဓိပ္ပာယ်ကတော့ မိန်းမတွေဟာ နှလုံးလှဖို့ ပိုပြီး အရေးကြီးတယ်လို့ ဆိုတဲ့သဘောပါပဲ။ စိတ်နှလုံးလှဖို့ရာမှာ ယောကျ်ားထက်ပိုပြီး အရေးကြီးရတာက ရင်သွေးကို လွယ်ရတဲ့ မိခင် ဖြစ်လို့ပါပဲ။

ယောကျ်ားဖြစ်ဖြစ်၊ မိန်းမဖြစ်ဖြစ် လူမှန်ရင် နှလုံးလှဖို့ အားလုံး အရေးကြီးကြတာထက် သားသည်မိခင်တွေ ဟာ ပိုလို့ အရေးကြီးပါတယ်။

စိတ်နှလုံးလှမှ မိခင်ကောင်း ပီသမယ်လေ။

ယောကျ်ားလက်ရုံး၊ မိန်းမနှလုံး ဆိုတဲ့ စကား ရှိလေတော့ အလှအဆင်းသာရှိပြီး အရည်အချင်း မရှိတဲ့ မိန်းမတစ်ယောက်ဟာ ကော်ရုပ်ကို ဝတ်စားဆင်ယင်ထားတာနဲ့ သာ တူမယ်။



"စစ်မှန်သာယာတဲ့ အိမ်ထောင် ထူထောင်ရေး အတွက် ယောကျ်ားအဖို့ ဦးခေါင်း၊ မိန်းမအဖို့ နှလုံးသားနဲ့ ရင်းနှီး တည်ဆောက်သင့်တယ်"လို့ အနောက်တိုင်း အိမ်ထောင်ရေး တွေးခေါ်ရှင်တွေက ဆိုကြတယ်။

မိန်းမတစ်ယောက်ဟာ လှပတယ်၊ ကိုယ်နေဟန် ပြည့်ဖြိုးတယ်၊ ကျန်းမာရေး ကောင်းတယ်။ ဒါပေမယ့် အရည်အသွေး မရှိဘူး၊ စိတ်နှလုံးမလှဘူး၊ အဲဒီလို ဖြစ်လာရင် လှပနေလှ အလှရည်ဟာ ရေရှည်မခံဘဲ မုန်းစရာ ဖြစ်လာရော၊ ချစ်မကျိုင် ပျက်စရာ ဖြစ်သွားရော။

အဲသည်အချက်ကို ကဗျာဆရာ (ဘန်း)က သည်လို တွေးမြင်ခဲ့ပါတယ်။

"မိန်းမတွေဟာ ၄က်ထောင်ဖို့ ထောင်ချောက် ပိုက်ကွန် လုပ်ရာမှာ ကျွမ်းကျင်လိမ္မာကြပါတယ်၊ ဒါပေမယ့် လှောင်အိမ်ကောင်းများ လုပ်တတ်ဖို့က ပိုပြီး အရေးကြီးကြ ပါလိမ့်မယ်"လို့ ဆိုတယ်။

အဲသည့်သဘောကို တွေးယူရင်း--

"ယောကျ်ားတွေကို အဖမ်းရလွယ်တယ်၊ သူတို့ကို ထိန်းသိမ်းထားဖို့ကျတော့ ခက်တယ်"တဲ့။

အလှအပ၊ အသွေးအသား၊ မှုယာမာယာနဲ့ ထောင်ချောက်လုပ် အဖမ်းရလွယ်ပေမယ့် တည်မြဲအောင်

www.burmeseclassic.com

www.burmeseclassic.com



အရည်အချင်း နှလုံးသားနဲ့ ထိန်းဖို့ကျတော့ မလွယ်ဘူးလေ။

ကိုယ်ခန္ဓာရုပ်အဆင်းက အရေပြားပေါ်မှာသာ တည်တာ မဟုတ်လား။

လိုအပ်လှတဲ့ ကြင်နာမှု၊ သိမ်မွေ့မှု၊ ပြုစုယုယမှုတွေကတော့ နှလုံးသားထဲအထိ နက်ရှိုင်းပါတယ်။

အချစ်ဟာ အဖြစ်တွယ်ရင် နယ်ကျယ်တယ်၊ အိမ်ထောင်ရေးဟာ တည်ပြီးတာနဲ့ နယ်ကျယ်တယ်။ စိတ်နှလုံး မလှရင် ထိန်းလို့ မရဘူး။

အချို့ ရုပ်ဆိုးမလေးတွေကို သူ့ခင်ပွန်းသည် လှလှလေးတွေက သိပ်ချစ်နေကြတယ်၊ အဲဒါဘာဖြစ်လို့လဲ ဆိုတော့ ရုပ်မလှပေမယ့် နှလုံးလှလွန်းလို့ပေါ့။

မေတ္တာတရားနဲ့ ယှဉ်လာရင် အရုပ်ဆိုးမလေးများ လည်း လှလာတတ်တယ် မဟုတ်လား။

လူမှာ အချစ်နဲ့ မကင်းဘူး။ လူအများစုဟာ အိမ်ထောင်ရေးနဲ့ မကင်းဘူး။

လူ့လောကကြီးဟာ ချစ်ခြင်း၊ အိမ်ထောင်ပြုခြင်းတွေနဲ့ တည်ဆောက်ထားပါတယ်။

ဖို့ချစ်၊ မ့ချစ်တွေ သဘာဝချစ်တွေကနေ အိမ်ထောင်ရှင်ဘဝနယ်ထဲကို ချဉ်းနင်း ဝင်ရောက်တဲ့အခါ လူငယ်ကလေးဘဝနဲ့ ဘယ်မှာ တူတော့မှာလဲ။



တစ်ကိုယ်ရေ တစ်ကာယ ပျိုမျစ်တဲ့ ဘဝက တခြား လှုပ်ရှားရုန်းစရာ လူ့ဘောင်လောကခံက အလွန် ကွဲပြားပါတယ်။

ယောကျ်ားတွေ မိန်းမ ဘာလို့ယူသလဲ၊ သဘာဝမို့ ယူတယ်၊ ချစ်လို့ယူတယ်ဆိုရုံ မရဘူး။

မိန်းမယူတာက အိမ်ရာထူထောင်ပြီး ဘဝ တစ် လျှောက်လုံး လက်တွဲချင်လို့ ယူကြတာပါပဲ။

လှလို့တင် ယူကြတာ မဟုတ်ပါဘူး။ အလှဆိုတာ က သခင်္ခါရပါဗျာ၊ ကြာကြာမခံပါဘူး။

သည်နေ့ လှနေတာတွေက နောင်မှာ ပျောက်သွားတာ၊ အိုသွားတာ၊ နှစ်တွေလတွေ ပြောင်းရင် အလှလည်း ဟောင်းသွား၊ ပြောင်းသွားရော။

အလှသမားနဲ့ ဘဝသမား ရွေးယူကြရမှာ၊ အလှ သမားက အလကားပဲ။

ဘဝသမားက ကူဖော်လောင်ဖက် ရှာဖွေရခက်ပါတယ်။ မိန်းကလေး ဘဝသမားတွေကို ယနေ့ ခေတ်လူငယ်တွေက ရှာကြတယ်။ လှတာမက်ရင် တစ်ယောက်တည်းရှာရတာ ခက်လို့ပါပဲဗျာ။

ကဗျာဆရာကြီး ဘန်းရဲ့ အဆိုက "မိန်းမကောင်း တစ်ဦးရဲ့ အရည်အသွေးထဲမှာ ရုပ်ရည်လှပမှုဟာ ဆယ်ပုံတစ်ပုံသာ"

www.burmeseclassic.com

www.burmeseclassic.com



သက်ဆိုင်ပါတယ်”လို့ ဆိုတယ်။

(ကြင်ဖက်)လို့ ဆိုကြတယ် မဟုတ်လား။ ကြင်ဖက် ဆိုတဲ့ စကားက ကြင်နာဖက်ကို ဆိုတာ။ ဆင်းရဲဒုက္ခ တွေ့တဲ့အခါ ကူကြဖို့၊ ထောက်ပံ့ကြဖို့ ဖြစ်တယ်။ ဒုက္ခကို ကူချင်တဲ့သူဟာ နှလုံးလှသူသာ ဖြစ်ရမယ်။ အဲသည်တော့ လှပရန်ထက် အမှန်တကယ်ကိုပဲ ကြင်နာမှု နှလုံးသားပြည့်ဝတဲ့ ကြင်ဖက် ဖြစ်ဖို့က အရေးကြီးတော့တယ် မဟုတ်လား။

ကြင်ဖော်မဲ့ဆိုတဲ့ စကားကို ပျို့မျှစ်နေနယ်တဲ့ လူထက် ဘဝခရီးရှည်မှာ ကြင်ဖော်မဲ့ခဲ့တဲ့ လူက ပိုပြီး သိသာပါတယ်။

ဆာဆယ်မြူရယ်ရိုမီလီ ဆိုတဲ့ ပုဂ္ဂိုလ်ကြီးက--

“သူမ၏ အစွမ်းကုန် ကြင်နာမှု၊ ဘဝကို ရဲရဲဝံ့ဝံ့ ရင်ဆိုင်နိုင်မှုတွေကြောင့် ကျွန်ုပ် သူ့ကို ချစ်ခင် နှစ်သက်မိခြင်းမှာ သူ့ရဲ့ ထူးခြားတဲ့ အလှအပ ဖြစ်တဲ့အတွက် မျက်စိနဲ့ မြင်နိုင်စွမ်းတဲ့ အလှမျိုး မဟုတ်ဘူး”လို့ ဆိုတယ်။

နှလုံးလှတာဟာ မျက်စိနဲ့ မမြင်ရဘူး။ လှုပ်ရှားမှုတွေရဲ့ နောက်ပိုင်းမှာ တွေ့မြင်ရတာ ဖြစ်ပါတယ်။

ဘဝခရီးမှာ နှလုံးလှတဲ့ ဇနီးကောင်းရတာ၊ နှလုံးလှတဲ့ ခင်ပွန်းကောင်း ရတာတွေဟာ မိဘအမွေတွေ အများကြီး ရတာထက်တောင် ပိုကောင်းပါသေးတယ်။

# ဟတ္ထနီဆိုတဲ့ မိန်းမမျိုး

အချို့ မိန်းကလေးတွေမှာ ကိုယ်ရဲ့ ဟန်ပန် ပုံစံတွေက ဟတ္ထနီ အမျိုးအစားထဲမှာ ရှိနေတယ်ဆိုတာ သိပြီးရင် စိတ်ဓာတ်ကျသွားကြတယ်၊ ပျက်သွားကြတယ်။ အဲတာ သိပ်မှားတယ်လို့ စာရေးသူ ယူဆပါတယ်။

ဘဝဟောင်းက ပြုခဲ့ကြတဲ့ ကုသိုလ်ကောင်းမှုတွေ၊ မကောင်းမှုကံတွေနဲ့ လူဖြစ်လာကြတယ်။ လူချင်းတူပေမယ့် ပုံစံချင်း မတူကြဘူး။ မိန်းမချင်း တူပေမယ့်လည်း ဟန်ပန် ပုံစံချင်းက မတူကြပြန်ဘူး။ ကြည့်ရုံနဲ့ မြင်သာတယ်လေ။

အဲသည်မှာ ဘာအရေးကြီးလာသလဲ၊ ဘာလုပ်ရမှာလဲဆိုတာကို စဉ်းစားရမယ်။

ရှေးက ကံမကောင်းလို့၊ ယခုမကောင်းရင် နောင် [illegible] ကောင်းလာမှာတဲ့လား။ သိထားလိုက်ရမှာ၊ သတိပြုရမှာက

www.burmeseclassic.com

www.burmeseclassic.com



ရှေးက်မကောင်းခဲ့လို့ ငါဟာ ယခုဘဝမှာ ပုံစံက မိန်းမဖြစ်တဲ့ အမျိုးအစား မဖြစ်ဘဲ ဟတ္ထနီ အမျိုးအစားထဲ ရောက်နေတယ်။ ဖြစ်လည်း ဖြစ်နေခဲ့မိတယ်။ အဲတာကို ငါဟာ အသိနဲ့ သတိနဲ့ ဘာသာတရား ကိုင်းရှိုင်းပြင်ယူမယ်လို့ စိတ်ဓာတ် မွေးမြူရမယ်။

ကောင်းတဲ့ စိတ်ဓာတ် အားကောင်းလာရင် ယခုဘဝမှာတင် ပြုပြင်ပြောင်းလဲမှုတွေ ရတတ်ပါတယ်။ အကျိုးပေးပြောင်းလာမှာ မုချရယ်ပါ။ ဆိုးတယ် ဆိုတာက ပြင်ရကောင်းမှန်း မသိတဲ့ စိတ်ကြောင့် ဆိုးကြရတာပါ။

ရှေးပညာရှိ သုတေသီတွေက ဟတ္ထနီမိန်းမရဲ့ အဆင်းလက္ခဏာတို ဘယ်လို ခွဲပြခဲ့ကြသလဲဆိုတော့--

ဟတ္ထနီမိန်းမဟာ---

၁။ တင်ဆုံတွေကြီးပြီး ပြည့်ပြီး မြင့်တဲ့တင်ပါးရှိတယ်။

၂။ ခါးက မသွယ်ဘဲ ကြီးပြီး ပေါင်ရင်းကြတော့ ဖြိုးတယ်။

၃။ သားမြတ်ကျတော့ ငယ်ပြီး ချက်ကတော့ ကြီးတယ်။

၄။ ယောကျ်ားတွေနဲ့ မှိတ်ခွဲနေလိုတယ် (ယောကျ်ားလေးနဲ့ ကင်းကွာရင် မပျော်မွေ့တဲ့ သဘောပဲ)။

၅။ ယောကျ်ား လှသည်ဖြစ်စေ၊ မလှသည်ဖြစ်စေ ယောကျ်ားကို မြင်ရင် ချစ်ခင်စုံမက်တတ်တယ်။ အသက်ကဲ့သို့ ချစ်တယ်။



၆။ ရမ္မက်ကြီးမားတယ်။

၇။ ဟတ္ထနီ မိန်းမရဲ့ ကိုယ်နံ့က ဆင်မုန်ကဲ့သို့ အနံ့ရှိတယ် (ဆင်မုန်အနံ့ ဆိုသည်က မည်သို့အနံ့ဟူ၍ စာရေးသူ မသိပါ။ ယောကျ်ားတော်တော်များများ သိကြလိမ့်မည်ဟု မထင်ပါ)။

၈။ ကိုယ်ရဲ့အရသာက ငန်တယ်လို့ ဆိုတယ်။

၉။ နှာခေါင်းပိပြားပြီး မျက်စိဝန်းတယ်။

၁၀။ ခြေသလုံးကြီးပြီး ဖဝါးကတိုတယ်။

၁၁။ နားရွက်ကျတော့တိုပြီး နှုတ်ခမ်းကြီးတယ်။

၁၂။ ဆင်မနဲ့တူတဲ့ သွားခြင်းမျိုးရှိတယ်။

၁၃။ အမျက်ကြီးသလို လောဘကြီးတယ်။

၁၄။ ပြီးတော့ လက်ချောင်း၊ ခြေချောင်းတွေတိုတယ်--တဲ့။

အဲသည်လို ရှေးပညာရှိတွေက ဟတ္ထနီ မလေးတွေရဲ့ အဆင်းလက္ခဏာ ခွဲခြားကောက်ချက်ချခဲ့ကြပါတယ်။

အဲသည်တော့ မိန်းကလေးတွေဟာ ကိုယ့်ပုံစံကို ကိုယ်ပြန်ပြီး လေ့လာရမယ်။ ကိုယ့်ရဲ့ ဖြစ်နေတဲ့ စိတ်ဓာတ်ကိုလည်း ဆန်းစစ်ရမယ်လေ။ သည်လို လေ့လာဆန်းစစ်မှုပြုရင် ကိုယ်ဟာ ဟတ္ထနီမနဲ့ တူနေ၊ မတူနေဆိုတာကို သိမှာပဲ။

www.burmeseclassic.com

www.burmeseclassic.com



အဆမွေးခဲ့တဲ့ ပုံစံကိုတော့ ဘယ်လိုပြင်လို့ ရမှာလဲ။ တင်ပဆုံကြီးရင် ကြီးနေမှာပဲ။ တင်ပါးမြင့်ရင် မြင့်နေမှာပါပဲ။ လက်ချောင်းတိုနေတာကို ကြီးမှ လက်ချောင်းရှည်ချင်လို့ မရပါဘူး။

အဲသည်မှာ ဘာကိုပြင်လို့ရမလဲဆိုတာ စဉ်းစားရတော့မယ်။ ပြင်လို့ရတာ မရှိတော့ဘူးလား၊ ရှိသမှ သိပ်ရှိပေါ့။

ပြင်လို့ရမှာက (စိတ်ဓာတ်)ပဲ။

ကိုယ့်စိတ် ကိုယ်ပြင်လိုက်ရင် ဟတ္ထနီအသွင် ရှိတာတွေကို လူက မမြင်တော့ဘူး။

သည်တော့ ဟတ္ထနီမပုံ ပေါက်လို့ စိတ်ဓာတ်မကျဘဲ ဖြစ်ချင်ရာဖြစ် လွှတ်မထားဘဲ စိတ်ကို အချိန်မီ ပြင်ရမှာပေါ့။

ရှေးပညာရှိတွေ ပြောခဲ့လို့သာ ဟတ္ထနီ အဆင်း လက္ခဏာဟာ အဲသည့်လောက်ပဲ ရှိခဲ့တာ။ ယခုခေတ်မှာ ပိန်ပိန်သွယ်သွယ်လေးနဲ့လည်း ဟတ္ထနီမလေးတွေ ရှိနေတာ တွေ့ရပြန်ပါတယ်။

ကိုယ့်ကိုယ်ကို ပြန်လေ့လာမိလို့ ဟတ္ထနီ အမျိုးအစားမှာ ရောက်နေ ရှိနေရင်တော့ စိတ်နဲ့ ပြင်ရမှာက မုချဧကန်ပဲ။

ပြင်လို့လည်း ရပါတယ်။ မရမရှိပါဘူး။ မပြင်ဘဲထားရင်သာ သောက်လေ သောက်လေ ငတ်မပြေ ရမွက်ပင်လယ်ထဲမှာ ထပ်မံ နစ်နေတော့မှာပေါ့။

စိတ်အလိုကို လိုက်နေရင်တော့ ပူပန်မှုက မလွတ်ပါဘူး။ ပူပန်မှုတွေ ရပြီးရင်း ရနေမှာပဲ။ ဟတ္ထနီ ဘဝကလည်း လွတ်မှာ မဟုတ်ဘူး။ စိတ်ကိုသာ မိမိ အလိုကို လိုက်အောင် ကြိုးစားပြင်ရမယ်လေ။

ဟတ္ထနီဘဝက လွတ်အောင် ဘယ်လိုလုပ်ရမှာလဲ ဆိုတော့ မိမိ့ခန္ဓာကိုယ်ကို အမြဲပဲ ဆုံးမနေရမယ်။

ဘာသာတရားရယ်၊ ပြီးတော့ အသိဉာဏ်ပညာရယ်။ အဲတာတွေထက် ပိုပြီး စွမ်းအားကြီးတဲ့ လက်နက် မရှိပါဘူးဗျာ။ အဲသည်လိုမို့ ကိုယ့်အသိဉာဏ်ကို ကိုယ်ပြင်နိုင်အောင် စိတ်ဓာတ်ကိုပြင်ပါ၊ ပျက်အစဉ် ပြင်ခဏာပါ။ မပြင်ချင်ကြလို့သာ ပျက်နေတာ။

“မိန်းမဟူသည်၊ ဤမျိုးမည်ကား
လူရည်တင့်ထွား၊ ဖိုယောကျ်ားထက်
အစားနှစ်ပြန်၊ ဉာဏ်မှာ လေးဆ
လုံ့လခြောက်ပုံ၊ ကာမဂုဏ်ရစ်
လွန်၍ဖြစ်တယ်”

လို့ စာဏာကျပို့မှာ ရှိတယ်။

သည်လို ရေးခဲ့တာရှိလို့ သိခဲ့ကြရပါမယ့် ယောကျ်ားထဲမှာလည်း အစားနှစ်ပြန်မက ဆယ်ပြန် ကာမဂုဏ်

www.burmeseclassic.com

www.burmeseclassic.com



ရှစ်မက ဆယ့်ခြောက်အထိ ဖြစ်တာတွေ ရှိတာပါပဲ။ ယောကျ်ား ဟတ္ထနီပေါ့ဗျာ။

အရေးကြီးတာက စိတ်ကို ပြင်နိုင်ဖို့ရယ်ပါပဲ။ ဘဝဟောင်းကြောင့် ရလာခဲ့တာကို စိတ်ကောင်းတွေနဲ့၊ အလုပ်ကောင်းတွေနဲ့ ပြင်ယူရင် ရမှာပါ။

ပဒုမ္မနီ မိန်းမတွေရဲ့ အဆင်း လက္ခဏာကိုတော့ ရှေးပညာရှိတွေက (၁၈)မျိုး ဖော်ပြ ကောက်ချက်ချခဲ့ကြတယ်။

၁။ ဝိုင်းဝန်းတဲ့ မျက်နှာရှိတယ်၊

၂။ အသားညက်တယ်၊

၃။ ရှက်တတ်တယ်၊

၄။ ပညာအဆင်းနဲ့ ပြည့်စုံတယ်၊

၅။ ဆံပင်ကောင်းတယ်၊

၆။ အသံက သာယာချိုမြတယ်၊

၇။ ခြေဖဝါး လက်ဖဝါး ပြည့်တင်းတယ်၊

၈။ သားမြတ်ကကြီးတယ်၊

၉။ သွားက အရောင်တောက်တယ်၊

၁၀။ လင်ကိုလည်း ရိုသေတတ်တယ်၊

၁၁။ မကောင်းမှုတွေကို မပြုတတ်ဘူး၊

၁၂။ ပဒုမ္မာကြာနဲ့ကဲ့သို့ ကိုယ်နံ့ရှိတယ်၊

၁၃။ ဆင်မရဲ့ ကြည့်ခြင်းကဲ့သို့ ကြည့်ခြင်းရှိတယ်၊



၁၄။ ချမ်းတဲ့အခါနွေးပြီး၊ နွေးတဲ့အခါမှာအေးတယ်တဲ့၊

၁၅။ ကိုယ်အရသာ ချိုတယ်၊

၁၆။ ဟင်္သာ သွားခြင်းနဲ့ တူတဲ့သွားခြင်းမျိုးရှိတယ်၊

၁၇။ လည်ရေ သုံးဆင့်ရှိတယ်၊

၁၈။ မိဘ ဆရာသမားများနဲ့ ပညာရှိတို့ကို ရိုသေတတ်တယ်တဲ့။

အဲသည်လို ဆယ့်ရှစ်ချက် ရှိသလို ပဒုမ္မနီ မိန်းမ ရယ်လို့ ရှေ့ပညာရှိတွေက ဆိုခဲ့ပါတယ်။

အဲသည်ထဲမှာ စာရေးသူ သဘောအကျဆုံးကတော့ ချမ်းတဲ့အခါမှာနွေးပြီး၊ နွေးတဲ့အခါမှာ အေးတယ်ဆိုတာကိုပါပဲ။ ရှေးက ပညာရှိတွေဟာ လက်တွေ့စမ်းသပ်ခဲ့ကြတယ် ထင်တယ်။

နွေရာသီမှာ ပန်ကာမလို၊ ဆောင်းရာသီမှာ အနွေးထည် မလိုဘူးပေါ့။ ယောကျ်ားတွေအဖို့ ပဒုမ္မနီ မိန်းမမျိုးဟာ ကောက်လောက်စရာပါပဲ။

မိန်းမ အမျိုးအစားကို လေးမျိုးခွဲလို့ ကျမ်းဂန်တွေမှာ ရှိခဲ့တယ်။ အဲသည်နှစ်မျိုးအပြီး နောက် နှစ်မျိုးကတော့ သင်္ခနီ မိန်းမနဲ့ စိတ္တရနီ မိန်းမတို့ပါပဲ။

သင်္ခနီ မိန်းမကတော့--

၁။ ဆံပင်ရှည်သတဲ့၊

၂။ သားမြတ်က သလဲသီးနဲ့ တူသတဲ့၊

www.burmeseclassic.com

www.burmeseclassic.com



၃။ ကိုယ်ဟန် အသွင်အပြင် ပြေပြစ်သတဲ့၊
၄။ အမွှေးအကြိုင် ပန်းနံ့သာကို မက်မောသတဲ့၊
၅။ ခါးစင်းပြီး ရင်ကော့သတဲ့၊
၆။ မကောင်းတဲ့ အရသာကို စားချင်သတဲ့၊
၇။ ပျားအနံ့လို ကိုယ်အနံ့ ရှိသတဲ့၊
၈။ ယောကျ်ား တစ်နေ့မရှိက နှလုံးမသာမယာ ရှိသတဲ့၊
၉။ ရစ်မရဲ့ သွားခြင်းမျိုး သွားတတ်သတဲ့၊
၁၀။ ရာဂရမ္မက်ကြီးသတဲ့၊
၁၁။ ပြီးတော့ ရသေ့ရဟန်းမြင်ရင် မက်မောသတဲ့လေ။

"သည်ကောင်မလေးက ရွာထဲက ဘယ်သူ့ သမီးလေး မဟုတ်လား၊ ရုပ်ကလေးက ချောချောလှလှကလေးပါ။ ငယ်ငယ်တုန်းက တော်ပါတယ်၊ အပျိုဖြစ်ပြီး အခုမှ ဘယ်လို ဖြစ်သွားရတာလဲ၊ အရင်က ဗိုင်းကောင်းကျောက်ဖိပါ၊ အခုမှ အပေါစားမလေး ဖြစ်သွား ရတာ အံ့ပါရဲ့"

"သည်ကောင်မလေးက အရပ်ထဲမှာ အရင်က ပြာကလပ်စိန်ပဲ၊ အခုတော့လဲ အတော်သားနော်၊ ပညာလဲကြိုးစား၊ မိဘလဲအကူရ၊ ဆို့ရာက ကောင်းလာတယ်"

အဲသည်လိုလည်း တစ်မျိုး။



"သည်ကလေးမက ရည်းစားတွေ တစ်ယောက်ပြီး တစ်ယောက် ထားခဲ့ပေမယ့် ခုတော့လဲ လင်ယူပြီး တည်တည် ငြိမ်ငြိမ်ကလေးတော့၊ သူ့အိမ်ထောင်ကိုသူ ထိန်းသိမ်းနိုင်သားပဲ"

"မရုပ်တေး တစ်ယောက် ဘယ်လို အသင်အပြောင်းသူနဲ့ တွေ့သွားတယ် မသိဘူး၊ အခု လုပ်တာ ကိုင်တာ သေသေသပ်သပ်၊ နေတာ ထိုင်တာ ပိပိရိရိကလေး ဖြစ်သွားပြီ"

အဲသည်လို စကားမျိုးတွေကို အရပ်ထဲမှာ စာဖတ်သူ ကြားဖူးမှာပါ။

အဲဒါ စိတ်ကိုပြင်သွားကြတာ၊ အချို့ကတော့ စိတ်က ပျက်စီးသွားတယ်၊ စိတ်သာရှင်စော ဘုရားဟောပဲ။

ဟတ္ထနီမ ဖြစ်နေတယ်ဆိုပြီး စိတ်ဓာတ် မကျပါနဲ့၊ ပြင်ရင်ရလို့ ပြင်ကြပါ။ ပျက်အစဉ် ပြင်ခဏတဲ့ဗျာ။

*****

www.burmeseclassic.com

www.burmeseclassic.com

# မိန်းမတစ်ယောက်မှာ ကောင်းခြင်းငါးဖြာ ရှိရုံနဲ့တော့

မိန်းမတစ်ယောက်မှာ ကောင်းခြင်း (၅)ဖြာ ရှိရမယ်လို့ဆိုတယ်။ အဲသည်ကောင်းခြင်းငါးဖြာနဲ့ ပြည့်စုံမှသာ မိန်းမ ပီသမယ်လို့ ယူဆကြတယ်။ အဲဒါ မှန်သင့်သလောက်တော့ မှန်ပါတယ်။ အပြည့်အဝတော့ မမှန်ပါဘူး။ လိုတဲ့အရာ ရှိပါသေးတယ်။ မိန်းမတစ်ယောက်ရဲ့ ကောင်းခြင်းငါးဖြာ ဆိုတာတွေကတော့---

* ဆံပင်ရဲ့ကောင်းခြင်း၊
* အသားရဲ့ ကောင်းခြင်း၊
* အရေရဲ့ကောင်းခြင်း၊
* အရိုးရဲ့ကောင်းခြင်း၊



* အရွယ်ရဲ့ ကောင်းခြင်းတွေပါပဲ။

အဲသည်ကောင်းခြင်းငါးဖြာ ရှိရုံနဲ့ မိန်းမကောင်း၊ မိန်းမမြတ် ဖြစ်မလား၊ မဖြစ်နိုင်သေးပါဘူး။

မိန်းမကောင်း မိန်းမမြတ် ဖြစ်ဖို့ အခြားအကြောင်းတရား များစွာ လိုအပ်နေပါသေးတယ်။ လောကကြီးမှာ ရုပ်သဘောတရား ကောင်းရုံနဲ့ အရာရာ မပြည့်စုံသေးပါဘူး။ ရုပ်သဘောတရား ကောင်းသလို စိတ်သဘောတရားကလည်း ကောင်းရပါမယ်။

သဘောကတော့ အကာရော အနှစ်ပါ ကောင်းရမယ်ဆိုတဲ့ သဘောပါ။ သာမညဖြစ်တာရော၊ အဓိကဖြစ်တာပါ ကောင်းရမယ်ဆိုတဲ့ သဘောပါ။

အသားအရေတွေ၊ အရိုးတွေ အရွယ်တွေ ကောင်းပြီး လှပပြေပြစ် ချောမွေ့နေပြီး စိတ်ကောင်းနှလုံးကောင်း မရှိရင် ဘာလုပ်မလဲ။ အပြင်ပန်းလှပြီး အတွင်းက သုံးမရတဲ့ ကျီးအာသီး။ ပေါက်ပန်းပွင့်ပဲဖြစ်မယ်။ နှင်းဆီမ၊ စံပယ်မလေး မဖြစ်နိုင်ဘူးလေ။

ကောင်းခြင်းငါးဖြာနဲ့အတူ ပူးတွဲရှိရမှာက အားငါးဖြာရယ်ပါ။

အားငါးဖြာက ဘာလဲ–

* ရုပဗလဆိုတဲ့ အဆင်းအင်အား၊

www.burmeseclassic.com

www.burmeseclassic.com

* ဘောဂဖလ်ဆိုတဲ့ ပစ္စည်းဥစ္စာအင်အား၊
* ဉာဏ်ဖလ်ဆိုတဲ့ ဆွေမျိုးအင်အား၊
* ပုဏ္ဏဖလ်ဆိုတဲ့ သားသမီးအင်အား၊
* သီလဖလ်ဆိုတဲ့ အကျင့်သီလအင်အားပါပဲ။

ကောင်းခြင်းငါးဖြာနဲ့အတူ အဲသည်အားငါးဖြာ ရှိမှသာ မိန်းမကောင်း၊ မိန်းမမြတ် ပီသမှာ ဖြစ်ပါတယ်။

အရေးကြီးဆုံးကတော့ အားငါးဖြာထဲမှာ သီလဖလ် ဆိုတဲ့ အကျင့်သီလအားပါပဲ။

သီလကပ်မှ မိန်းမမြတ် ဖြစ်ပါတယ်။

*****

## မိန်းမတို့ရဲ့ပုံစံအပြစ် (၆)ပါး

မိန်းမဆိုတာ ပန်းပုရုပ်ကလေးလို အချိုးအစား ပြေပြစ်ရတယ်။ ရှိုက်ဖိုကြီးငယ် အသွယ်သွယ်ဟာ သူ့နေရာနဲ့သူ အဆင်ပြေနေမှ တန်ရာကျမယ်။

မိန်းမလှဆိုတာ ယောကျ်ားတွေအတွက် ရတနာ တစ်ခုလိုပါပဲ။ ရှေးဘုရင်များလက်ထက်ကစလို့ ယနေ့ထက် တိုင်ပဲ မိန်းမလှတွေကို နေရာပေးတတ်ကြပါတယ်။

အလှအပဆိုတာ အတိတ်ဘဝ ကုသိုလ်ကံတွေနဲ့ လည်း သက်ဆိုင်တယ်။ ယခုဘဝ (ကမ္မ)အလုပ် ကုသိုလ်တွေနဲ့ လည်း ဆိုင်တယ်။

စားတတ်၊ သောက်တတ်၊ နေတတ်၊ ထိုင်တတ်မှု ကျန်းမာရေး ဂရုစိုက်မှုတွေနဲ့လည်း သက်ဆိုင်ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



အချို့ကတော့ ရယ်စရာကောင်းပါတယ်။ ကိုယ်ခန္ဓာဖွဲ့စည်းမှု အချိုးအစားကျနပြီး ဝတ်စားဆင်ယင်မှု အသုံးမကျလို့ အမြင်မလှပဘူး ဖြစ်နေပြန်ပါတယ်။

ယောကျ်ားမှာ အရည်အချင်း၊ မိန်းမမှာ အဆင်းကလည်း အလွန်အရေးကြီးတဲ့ ကိစ္စပါပဲ။

လှတာလေးမှလိုချင်၊ လှတာလေးမှ မြတ်နိုးတတ်ကြတဲ့ လူ့စိတ်သဘာဝကြောင့် ခက်တယ်။

လောကမှာ ဘဝသမားတွေထက် အလှသမားတွေက များတယ် မဟုတ်လားဗျာ။ လှတာမက်လို့ ညစာခက်ကုန်ကြတာကို သိပ်ဂရုမစိုက်ကြဘူး။ မိန်းမတွေမှာ မလှဘူးဆိုရင် အပြစ်တွေ ငြိစွန်းကုန်ကြတယ်။

အပြစ်ခြောက်ပါးကတော့–

၁။ အရပ်ရှည်လွန်းသောမိန်းမ (အရှည်ကြီး)၊

၂။ အရပ်ပုလွန်းသောမိန်းမ (ပုတက်)၊

၃။ ဝလွန်းသောမိန်းမ (ဝက်ပုတ်)၊

၄။ ပိန်းလွန်းသောမိန်းမ (ငါးကျည်းခြောက်မ)၊

၅။ **အသားမည်းလွန်းသောမိန်းမ (ကျီးကန်းမ)၊**

၆။ အသားဖြူလွန်းသောမိန်းမ (ယုန်မ၊ ဗျိုင်းမ)။

အဲသည်လို အရပ်၊ အရွယ်၊ အရောင်တွေ ရှိနေရင် မိန်းမတွေမှာ အပြစ်လို ဖြစ်ပါတယ်။



အမေမွေးလာကတည်းက သူ့ဘာသာသူ ရှည်လာတာ၊ ပုလာတာကို ဘယ်မှာတတ်နိုင်မလဲ။ စက်နဲ့ဆွဲဆန့်လို့လည်း မရဘူး။ ကျုံ့ယူလို့လည်း မရဘူးလေ။

ဆပ်ပြာတိုက်ပြီး၊ ပေါင်းတင်ပြီး ဖြူအောင်လုပ်လို့မရ၊ ဖြူလွန်းတာကိုလည်း ဆေးဆိုးလို့မရ။

အဲသည်လို မရတာဖြစ်နေရင် ဘာမှ ရအောင်လုပ်နေစရာ မလိုပါဘူး။ သည်ကိစ္စကို မစဉ်းစားနဲ့။

စဉ်းစားရမှာက ငါဟာ ရှည်လွန်း၊ ပုလွန်း၊ မည်းလွန်း၊ ဝလွန်းတဲ့ အလှချို့တဲ့နေတယ်ဆိုရင် ဘာနဲ့ အလှဆင်ရမလဲ။

အရေးအကြီးဆုံးက (စိတ်နှလုံး)လှဖို့၊ မေတ္တာစိတ်ကြီးဖို့ပါပဲ။

"မေတ္တာတရားနဲ့ ယှဉ်ရင် အရုပ်ဆိုးမလေးများလည်း လှလာတတ်ပါတယ် မောင်ရယ်" ဆိုတဲ့ သီချင်းကြားဖူးကြမှာပေါ့ဗျာ။

*****

www.burmeseclassic.com

www.burmeseclassic.com

# ဘယ်သူပြိုင်လို့ လှပါတော့နိုင်

အမှန်တကယ်တော့ အရုပ်ထဲက အဖြစ်အပျက်တစ်ခုရယ်ပါ။ ဒါပေမယ့် ပုံပြင်တစ်ပုဒ်ရယ်လို့ပဲ မှတ်ယူဖတ်ပါ။

ရန်ကုန်မြို့ရဲ့ မြို့လယ် မကျတကျ ရပ်ကွက်တစ်ခုမှာ ခင်ဟေမာန် ဆိုတဲ့ မိန်းကလေးတစ်ယောက်နဲ့ သူဇာယဉ်ဆိုတဲ့ မိန်းကလေးတစ်ယောက်ဟာ တစ်ရပ်ကွက်တည်းမှာ အတူနေကြပါတယ်။

သူတို့နှစ်ယောက်ဟာ တစ်လမ်းထဲမှာနေပြီး တစ်မြေတည်းနေ တစ်ရေတည်းသောက်ခဲ့သူ နှစ်ဦးပေါ့။ ငယ်စဉ်မှာ သူတို့နှစ်ဦးဟာ ကြိုးခုန်ဖက်၊ ကြက်ခွပ်ဖက်၊ ဖန်ခုန်ဖက်တွေရယ်ပေါ့။



တစ်ဦးနဲ့ တစ်ဦး ခင်ခင်မင်မင် ရင်းရင်းနှီးနှီးနေလာကြပြီး အထက်တန်းကျောင်းသူဘဝတွေတောင် ရောက်ခဲ့ပါတယ်။

သူတို့နှစ်ဦးဟာ ညီအစ်မလို ကျောင်းသွားဖက်ရင်းနှီးကြပေမယ့် သူတို့ရဲ့ မိဘတွေဘဝက မတူညီကြပါဘူး။

ခင်ဟေမာန်ရဲ့ မိဘတွေက ကုန်သည်ကြီးတွေ။ အဘိုးကတော့ ဆန်စက်ပိုင်တယ်။ ပြည့်စုံရုံမက လျှံနိုင်တဲ့အဆင့်ပါ ရှိနေခဲ့တယ်။

သူဇာနွယ်ရဲ့ မိဘကတော့ ဈေးတောင်းခေါင်းရွက်ဘက်လုပ်လက်စားပဲ။ သူဇာနွယ်အစ်ကိုက လက်နှိပ်စက်စာရေးလေး ဖြစ်ပြီး မိဘကို ကူညီတယ်။ သူတို့မိသားစုက ဟန်မပျက်စားနိုင်ရုံရှိပေမယ့် ပြည့်စုံခြင်းတော့ မရှိပါဘူး။

သူဇာနွယ်နဲ့ ခင်ဟေမာန်တို့ နှစ်ဦးရဲ့ကြားမှာ ပြဿနာစ,သယ်လာသူကတော့ မတာပါ။

ပြဿနာကို မတာက စ,တယ်။

ရပ်ရွာကို မတာတို့ မိသားစု ရောက်လာအပြီးမှာ သိပ်မကြာဘဲ စိတ်မှာဝေဒနာတွေ ဖြစ်လာကြရတယ်။

ဖြစ်လာတဲ့ ဝေဒနာက ရေရေရာရာလည်းမရှိဘူးလို့ ထင်ရပေမယ့် ကြာတော့ ကြီးထွားခဲ့ပါတယ်။

"ခင်ဟေမာန်ရယ်၊ နင်နဲ့သူဇာနွယ်ကွ ဝတ်တာ

www.burmeseclassic.com

www.burmeseclassic.com



စားတာချင်းလည်း မတူပါဘူး၊ ရုပ်ရည်ကလည်း နင်ကသာပါတယ်၊ ဒါပေမယ့် အရပ်ထဲက လူတွေက နင့်ထက် သူဇာနွယ်ကို အရေးပေးကြတယ်၊ ခင်မင်ကြတယ်၊ သူဇာနွယ်ကို ချီးကျူးကြတာများတယ်၊ အဲဒါ ငါ စဉ်းစားလို့မရဘူး"

အဲသည်လို စကားတွေကို ခင်ဟေမာန်ဟာ စ, ကြားခါစက အရေးမထားပေမယ့် ကြားရပါများတော့ သတိထားလာတယ်။ ကျောက်ဆောင်တောင်မှ လှိုင်းပုတ်ပါများရင် ပဲ့တယ်မဟုတ်လား။ လူဆိုတော့ ဘယ်ကြာကြာခံနိုင်မှာလဲ။

"ကိုသီဟတို့ အုပ်စုက သူဇာနွယ်မှ သူဇာနွယ်ရယ်ပဲကွာ၊ မင်းနဲ့ကိုယ့်ကို မိန်းကလေးမဟုတ်တဲ့အတိုင်းပဲ၊ ကိုအောင်အောင်တို့ဆိုရင် သူဇာနွယ်ကို မြင်ရတွေ့ရတာ စိတ်ချမ်းသာ ကိုယ်ကျန်းမာ ရှိတယ်လို့တောင် ပြောတာ၊ အဲဒါ ငါကိုယ်တိုင် ကြားခဲ့တာ ဟေမာန်ရဲ့"

ပတ်ဝန်းကျင် ရပ်ရွာကာလသား လူချောလူလှတွေက သူဇာနွယ်အပေါ်မှာ အာရုံစူးစိုက်မှုများခြင်းကို မတာနှင့် ခင်ဟေမာန်တို့ မကျေနပ်နိုင်တော့။ မိန်းမချင်းမို့ ကြာတော့ အူတိုလာကြတော့တယ်။

စိတ်ထဲတွင် အခံစားရဆုံးက ရပ်ရွာလူကြီးအိမ်က ရှင်ပြုအလှူလုပ်ရာမှာ ရှင်လောင်းလှည့်ဖို့ ကိစ္စမှာပေါ့။ နောက်တစ်ခု ရပ်ရွာ ကထိန်သင်္ကန်းကပ်ပွဲမှာပေါ့။



သူဇာနွယ်က ကွမ်းတောင်ကိုင်လုပ်လို့ အမိကနေရာက နေရာနဲ့ဖြစ်နေပြီး မတာနဲ့ ခင်ဟေမာန်က တော်ရိရော်ရိဖြစ်နေတယ်လေ။

အဲသည်နောက်ပိုင်းမှာ ခင်ဟေမာန်နဲ့ မတာဟာ မနာလိုဝန်တိုစိတ်တွေ အားကြီးစွာနှင့် သူဇာနွယ်ကို မခေါ်တော့ဘူး။ ဘာမှမသိရှာတဲ့ သူဇာနွယ်ကတော့ ခေါ်ရှာပါတယ်။ နှုတ်ဆက်ရှာပါတယ်။ ဒါပေမယ့် သူတို့နှစ်ယောက်က ခါးခါးသီးသီး ဆက်ဆံတာတွေ များလာတော့ သူဇာနွယ်လေးမှာလည်း မခေါ်သာ တော်ရာလေးမှာပဲ နေရှာတာပေါ့။

ငယ်သူငယ်ချင်း ခင်ဟေမာန်ကို သူ့အိမ်ရှေ့က ဖြတ်သွားတာမြင်ရင် မျက်ရည်လည်ရတဲ့အထိပါ။ ဘာကြောင့်သူ့ကို စိတ်ဆိုးတယ်၊ သူ့ကို ဘာအပြစ်ရှိလို့ မခေါ်တော့တာလဲဆိုတာကို သူစဉ်းစားလို့ မရတော့ဘူး။

သူဇာနွယ်ဟာ သူငယ်ချင်းကို ဘယ်လောက် ခင်ရှာသလဲဆိုတော့ ခင်ဟေမာန် သူ့ကို ငယ်စဉ်ကလို ပြန်ခင်မင်အောင် ဘုရားရှိခိုးတိုင်းမှာ ဆုတောင်းရှာသတဲ့လေ။ သူ့အဖြစ်ဟာ ဘုရားကိုတောင် အကူအညီ အပူကပ်တောင်းခံယူရတဲ့ အထိပါပဲ။ ကောင်းမှုကုသိုလ်တွေ လုပ်ပြီးတောင် သူငယ်ချင်း ပြန်ခင်မင်လာအောင် ဆုတောင်းရှာတယ်။

ခင်ဟေမာန်နဲ့ မတာ ကတော့ အမြဲအဆိုင်

www.burmeseclassic.com

www.burmeseclassic.com



အနိုင်လိုချင်စိတ်တွေဝင်ပြီး အရပ်ထဲမှာ ပေးကမ်းစည်းရုံး၊ အဝတ်အစားတွေဝတ်၊ နောက်ဆုံးပေါ်တွေဝတ်၊ ကောင်းပေ့ဆိုတဲ့ အလှပြင်ဆိုင်တွေသွားပြင်၊ အရပ်ထဲက လူချောလူလှ ယောကျ်ားလေးတွေဟာ သူတို့အပေါ် စိတ်ဝင်စားလာအောင် လုပ်တာပေါ့။ လူငယ်တွေရော မိန်းမတွေပါ ကြည့်အောင်, အထင်ကြီးအောင် ဆိုပြီး စိန်ဘယက်တစ်ခုကို သူ့မိဘကို ပူဆာတယ်။ ခင်ဟေမာန်ရဲ့ ရင်ဘတ်မှာ စိန်ဘယက်က လက်နေတော့တယ်။ သူ့စိတ်ထဲမှာ "သူဇာနွယ် အပေါ် ငယ်စဉ်ချိန်တုန်းက ကြက်ဖခွပ်စဉ်က နိုင်ခဲ့တာပဲ၊ ဖန်ခုန်လည်း နိုင်ခဲ့တာပဲ၊ ခုနစ်တန်းတုန်းက သူ့အဆင့်ကသုံး၊ သူဇာနွယ်က ကိုးမှာရှိခဲ့တယ်၊ ဘာလို့ ဒီဟာမကို မနိုင်ရမှာလဲ" လို့ မာနနဲ့ ယုံကြည်ထားခဲ့တယ်လေ။

တစ်ညတော့ ခင်ဟေမာန် အိပ်မက်တစ်ခု မြင်မက်တယ်။ အိပ်မက်ထဲမှာက ကွယ်လွန်သွားတာ ကြာပြီဖြစ်တဲ့ ဘုရားသိမ်ကျောင်း ဒကာမကြီးဖြစ်တဲ့ သူ့ရဲ့အဘွားပဲ။ အဘွားဟာ ယောဂီဝတ်စုံနဲ့ သူ့ခုတင်နားမှာ လာရပ်သတဲ့၊ ပြီးတော့ ပြောသတဲ့။

"မြေးမလေး ဟေမာန်ရယ်၊ သမီးလေးရဲ့



နောက်ဆုံးပေါ် အဝတ်အစားတွေ၊ နောက်ဆုံးပေါ် အလှပြင် ပစ္စည်းတွေနဲ့ အဖိုးကြီးလှတဲ့ စိန်ဘယက်က ဘယ်လိုမှ နှလုံးလှပြီး ဣန္ဒြေရှိတဲ့ မိန်းကလေးကို ပြိုင်လို့ မရပါဘူး။ အဲဒါ သမီးလေး နားလည်ပါကွယ်"လို့ ပြောပြီး ပျောက်ကွယ်သွားရှာသတဲ့။

အဲသည်ညက အိပ်မက်လိုလို တကယ်လိုလိုဖြစ်ပြီး ခင်ဟေမာန်ဟာ မိုးလင်းအထိ ထိုင်နေရှာတယ်။ အလင်းရောင်လာတာနဲ့ သူငယ်ချင်း သူဇာနွယ်ရဲ့အိမ်ကို ပြေးသွားတယ်။

ဟိုရောက်တော့ အိပ်မက်ရဲ့အကြောင်းစုံကို ပြောပြပြီး သူဇာနွယ် ခြေအစုံကို ဦးတိုက်ကန်တော့ရှာသတဲ့။

သူဇာနွယ်က အမြင်မှန်ရလာတဲ့ ငယ်သူငယ်ချင်းကို အားရဝမ်းသာ အတင်းဆွဲပြီး ဖက်ယမ်းနမ်းရှုပ် ငိုကြွေရှာသတဲ့လေ။

(အဲသည်အဖြစ်အပျက်ဟာ ပုံပြင်လိုလိုနဲ့ တကယ့်ဖြစ်ရပ်မှန်ပါ။ စာရေးသူကို ကာယကံရှင်ထဲက တစ်ဦးက ပြောပြတာရယ်ပါ)။

မိန်းကလေးရဲ့အလှဟာ ဣန္ဒြေဖြစ်တယ်။

ဣန္ဒြေရှင်ကို ဘယ်သူပြိုင်လို့ လှနိုင်တော့မှာလဲ။

*****

www.burmeseclassic.com

www.burmeseclassic.com

# မိန်းမတို့ ပျက်စီးခြင်းအကြောင်း (ကိုး)ချက်

မိန်းမတစ်ယောက် ပျက်စီးရာမှာ အကြောင်း အမျိုးမျိုး ရှိနေပါတယ်။ ဥစ္စာစီးပွား ချို့တဲ့ရုံနဲ့တော့ မပျက်စီးကြပါဘူး။ ငွေကြေးမပြည့်စုံတိုင်းသာ ပျက်စီးကြမယ်ဆိုရင် ပျက်စီးတဲ့ မိန်းမတွေ မရေမတွက်နိုင်အောင် ရှိကုန်ကြလိမ့်မယ်။

အချို့ မိန်းမတွေဟာ ဆင်းရဲလေလေ သံဝေဂရလေလေ ဖြစ်ပြီး ပိုလို့တောင် ဗိုင်းကောင်းကျောက်ဖိ ရိုးသားကြိုးစားကြပါတယ်။ ဘယ်သူ့အထင်သေးမှု မခံကြပါဘူး။ ငါးပိရည် တို့စရာနဲ့စားပြီး ဣန္ဒြေထိန်းကြပါတယ်။ ရှိတာလေးကို ဖာထေးချုပ်ပြီး ကောင်းရောင်းကောင်းဝယ် လုပ်ကိုင်စားသောက်ကြပါတယ်။



ပျက်စီးကြတယ်ဆိုတာက မပြည့်စုံမှုတွေတင် မဟုတ်ဘဲ လွန်ကဲမှုတွေကပါ ပျက်စီးစေတာ ဖြစ်တယ်။

အစားလွန်ကဲချင်၊ အဝတ်လွန်ကဲချင်ရင် ဗလောင်းဗလဲတွေ အရော်ကမယ်တွေ လုပ်လာကြရတော့တယ်။

လွန်ကဲမှုတိုင်းရဲ့ နောက်မှာ ပျက်စီးမှုနဲ့ ဒုက္ခရောက်မှုတွေက ပါလာတော့တာပါပဲ။

မိန်းမ တစ်ယောက်ဟာ ဆင်းရဲနေရင် ယောကျ်ားတွေထက်ရော၊ ချမ်းသာပြည့်စုံသူ မိန်းမတွေထက်ပါ ပိုမိုပြီး စည်းစောင့်ရပါတယ်။ ကိုယ့်စိတ်ကိုယ် ချုပ်နှိမ်ရပါတယ်။ ဆင်းရဲလေလေ သတိ ပိုမိုထားရလေပါပဲ။

အကြောင်းအကျိုး ကိုးမျိုးကိုးသွယ်နဲ့ မိန်းမလည်းတွေ ဖြစ်ကြရပြီး ပျက်စီးရတယ်လို့ ရှေးစာဆိုတွေက ဆိုမိန့်ခဲ့တယ်။

အဲသည့် အကြောင်းအကျိုး ကိုးမျိုးကတော့—

၁။ ယောကျ်ားတွေနဲ့ ပူးကပ်ပြီး အရောတဝင်နေတာ၊
၂။ လင်နဲ့ လ,ပေါင်းများစွာ ကင်းဝေးနေတာ၊
၃။ အဝတ်အစား ချို့ငဲ့လွန်းတာ (မိန်းမသားဆိုတာ ယောကျ်ားထက် ပိုပြီး အဝတ်အစားလိုတယ် မဟုတ်လား)၊
၄။ လင်က လိင်ကိစ္စ, ကာမကိစ္စမှာ မစွမ်းတာ၊ ချိန်မမီတာ၊

www.burmeseclassic.com

www.burmeseclassic.com



၅။ ပွဲသဘင်၊ အပျော်အရွှင် လိုက်စားမက်မောတာ၊
၆။ ပျင်းရိထိုင်းမှိုင်းနေတာ၊
၇။ လူများရာကို သွားတတ်လွန်းတာ၊
၈။ လင်နဲ့ခွဲပြီး မိဘ, ညီအစ်ကိုမောင်နှမအိမ်မှာ အနေများတာ၊
၉။ တစ်ယောက်တည်း ရောက်တတ်ရာရာ လျှောက်သွားနေတာမျိုးပါပဲ။

အဲသည် အကြောင်းကိုးမျိုးဟာ မိန်းမတစ်ယောက်ကို ပျက်စီးစေရာ ရောက်တယ်လို့ ဆိုပါတယ်။ အဲသည် ဖော်ပြပါ အချက်အခြေအနေတွေဟာ မပျက်စီးခဲ့တဲ့ မိန်းမတစ်ဦးတောင်မှ ပျက်စီးလာစေနိုင်ပါတယ်။

"လင်နဲ့လည်းခွဲနေရ၊ စီးပွားရေးလည်း ချို့တဲ့ရင် မိန်းမတွေဟာ ခြောက်ဆယ့်ငါးရာခိုင်နှုန်းလောက် ပျက်စီးဖို့ ဖြစ်လာပြီ"လို့ အင်္ဂလိပ်တွေးခေါ်ရှင် ဘက်သရူးက တွေးခေါ်ခဲ့တယ်။

မိန်းမတွေမှာ သဘာဝကိုက မရောင့်ရဲနိုင်တဲ့ အကြောင်းတရားလေးပါး ရှိတယ်လေ။

* (မေထုန်)လို့ခေါ်တဲ့ မေထုန်အမှုမှာ မရောင့်ရဲနိုင်တာ၊
* (စနေ)လို့ခေါ်တဲ့ ပစ္စည်းဥစ္စာမှုမှာ မရောင့်ရဲနိုင်တာ၊
* (ပုတ္တေ)လို့ခေါ်တဲ့ သားဖွားရေးမှာ မရောင့်ရဲနိုင်တာ၊



* (အလင်္ကာရေး)လို့ခေါ်တဲ့ တန်ဆာဆင်ခြင်းတွေမှာ မရောင့်ရဲနိုင်တာတွေပါပဲ။

မိန်းမတွေဟာ ယောကျ်ားတွေထက် ပိုပြီး ရောင့်ရဲတဲ့စိတ် မမွေးနိုင်ကြပါဘူး။ မရောင့်ရဲနိုင်တော့ လိုတယ်။ လိုချင်မှုများတော့ ဖန်တီးမှုတွေ များရတယ်။ မှန်ကန်တဲ့ ဖန်တီးမှု မလုပ်နိုင်တဲ့အခါမှာ ပျက်စီးချင်စိတ်တွေက မသိမသာ စိမ့်ဝင်လာပြီး တဖြည်းဖြည်း အားကောင်း ပျက်စီးပါလေရော။ မိန်းကလေးတွေ ပျက်စီးရင် ယောကျ်ားလေးတွေ လို ချက်ချင်းကြီး သိသိသာသာ မပျက်စီးပါဘူး။ တဖြည်းဖြည်းနဲ့ ပျက်စီးကြပါတယ်။ ပျက်စီးယိုယွင်းမှုကို ပြန်ပြင်ရတာမှာ လွယ်မလိုနဲ့ ခက်တယ်၊ မိန်းမဖျက်ရင် ပြည်ပျက်တတ်သလို မိန်းမပျက်ရင် ပြည်လည်း ပျက်တတ်တဲ့ အထိပါပဲ။ တကယ်တမ်း မိန်းမ ဆိုးလာရင် ယောကျ်ားထက်ကို ပိုလို့ဆိုးတတ်ပါတယ်။ အဲဒါ ဘာဖြစ်လို့လဲဆိုတော့ မိန်းမတွေမှာ တစ်တက်စားကြက်သွန်၊ နှစ်တက်စားကြက်သွန် ပေါက်တဲ့နဖူး မထူးဘူးဆိုတဲ့ စိတ်မျိုး ဝင်တတ်လို့ပါ။ ကြက်ဥက ကျောက်တုံးပေါ်ကျ ကြက်ဥကွဲ၊ ကြက်ဥပေါ်ကို ကျောက်တုံးကျ ကြက်ဥကွဲ မဟုတ်လားဗျာ။

*****

www.burmeseclassic.com

www.burmeseclassic.com

# လင်ယူပြီး အိမ်ထောင်မကျ

အချို့ မိန်းမဆိုးလေးတွေဟာ တွေးကြည့်ရင် ရယ်စရာရယ်ပါ။ ဘာဖြစ်လို့လဲဆိုတော့ "လင်ယူပြီး အိမ်ထောင် မကျ" ကြဘူးလေ။

အဲသည်လို ဖြစ်ရတာက လင်သာယူရဲ့တာ၊ အိမ်ထောင်ရေး(ထောင်)ထဲတော့ မဝင်ရဲဘူးလေ။

အိမ်ထောင်ဆိုတာက (ထောင်) မဟုတ်လား၊ အိမ်ထောင်ကျပြီဆိုရင် (ထောင်)တစ်ခုထဲ ရောက်သွားပြီ ဖြစ်တယ်။ စည်းဆိုတာ ထားရပြီ၊ အပျိုစင်ဘဝလို မလွတ်လပ် တော့ဘူး။

မိန်းမဆိုးလေးတွေဟာ လင်ယူစဉ်က အဲဒီအချက်



လေးလေးနက်နက် ထည့်မစဉ်းစားခဲ့ဘဲ ပေါ့ပေါ့ဆဆယူခဲ့ ကြတယ်။

အစ,မကောင်းတော့ အနှောင်းမသေချာဘူး။ ယူလို သည်းပြီးရော၊ ညားခါစရှိသေးဝယ်၊ အိမ်ထောင်ရေးဘောင်ရဲ့ ချုပ်နှောင်ခြင်းဒဏ်ကို မခံနိုင်ကြဘူး။

အထူးသဖြင့် ဖြစ်တဲ့ပြဿနာက လင်စည်းကမ်းကို ခံလို့ လိုက်နာနိုင်ပေမယ့် အတူနေရတဲ့ ယောက္ခမရဲ့ ထိန်းချုပ်မှုကို မခံနိုင်တာပါပဲ။

အိမ်မရှိဘဲ အိမ်ထောင်ပြုကြပြီးနေရတဲ့ ယောက္ခမ အိမ်မှာ မနေနိုင်အောင် ဖြစ်လာတဲ့အခါမှာ ဘာဖြစ်လာသလဲ။

လင်ယူပြီး အိမ်ထောင်မကျဘူး ဖြစ်ရော။

ဟင်--ဘယ့်နှယ် လင်ယူပြီး ဘယ်လို အိမ်ထောင် ကျတာလဲဟု မေးစရာ ရှိတယ်။

စာရေးသူ ဆိုလိုချင်တာက အိမ်ထောင်ပြုလိုက် တယ်ဗျာ။ ဒါပေမယ့် မကြာခင်မှာပဲ လင်ရဲ့ မိဘအိမ်မှာ နေနိုင်ဘဲ သည်းမခံနိုင်တဲ့ သူ့မိဘအိမ်သို့၊ သူ့မိဘအိမ်ကို ပြန်လာစ်ရော။

အိမ်ထောင်ကွဲသလား ဆိုတော့လည်း ကွဲတာ မဟုတ်ဘူး။ မကွဲဘဲနဲ့ ခွဲနေတာ၊ လင်ယူပြီး အိမ်ထောင်မကျ တာ။

www.burmeseclassic.com

www.burmeseclassic.com



ကိုယ့်အိုး ကိုယ့်အိမ်နဲ့ နေဖို့ဆိုတာက ကြိုးစားရှာဖွေအားမထုတ်ရင် ရုတ်တရက် လွယ်တာမှ မဟုတ်တာဘဲ။

မလွယ်တော့ တစ်လ၊ တစ်နှစ်နဲ့ ကြာလာရော။ လင်က လင်မိဘအိမ်နေ၊ မိန်းမဆိုးလေး ကိုယ့်မိဘအိမ် ကိုယ်နေ။ ဟော--အိမ်ထောင်တော့ကျတယ်၊ ညများ ရွာဟာ ကိုယ့်အိပ်ရာမှာပဲ ကိုယ်အိပ်နေကြတယ်။

အချို့ မိန်းမဆိုးကလေးတွေကတော့ တစ်မြို့က တစ်မြို့ကို လိုက်လာပြီးမှ သူ့မြို့သူ့ရွာမှာပဲ နေချင်လို့ ပြန်ပြေးကြရင်းကနေ လင်ယူပြီး အိမ်ထောင်မကျ ဖြစ်နေတာ။

အချို့က ကြီးလေးတဲ့ အိမ်ထောင်တာဝန် ပခုံးပေါ် မထမ်းချင်လို့ သက်သာရာကို ပြန်ကပ်နေကြရင်းက လင်ယူပြီး အိမ်ထောင်မကျ ဖြစ်နေတာ။

အဲသည်လို လင်ယူပြီး အိမ်ထောင်မကျတဲ့ မိန်းမဆိုးလေးတွေကို စာဖတ်သူ မြင်ဖူးမှာပဲ။ အရပ်ထဲမှာ၊ ရွာထဲမှာ ရှိတတ်ကြပါတယ်။ အဲသည် မိန်းကလေးတွေဟာ မဆိုးဘူး ထင်ရပေမယ့် အသံမပြည်ဘဲ ဆိုးနေသူလေးတွေပါပဲ။

မိန်းမဆိုး မဖြစ်ရအောင် ကြင်ဖော်ရွေးပြီး လင်နဲ့ အတူ နေနိုင်ရမယ်၊ ဖြစ်လာတဲ့ ဒုက္ခအဝဝကို အသက်မသေရင် ခံနိုင်ရပါမယ်။

လင်မကောင်းလို့ ကွဲရတာထက် လင်ကောင်းပါ



[illegible]နဲ့ အတူမနေနိုင်ဘူးဆိုတာက ခက်လှပါတယ်။

လင်နဲ့ကွဲတာကမှ ကောင်းသေး၊ လင်ယူပြီး အိမ်ထောင်မကျတာက မကောင်းဘူး။

သူများလည်း အထင်သေး၊ ကိုယ့်မှာလည်း လွမ်းဆည်း လွမ်းရတယ်။ တကယ်ပါပဲ။ လွမ်းရတာက တစ်မျိုးအပြင် ဆောင်းတွင်းဆို ချမ်းလည်းချမ်းပါတယ်။ တစ်ယောက်တည်း အိပ်မပျော်တော့ ဟိုကုတ်သည်ကုတ်နဲ့ ခြင်ထောင်ထဲမှာ [illegible]လည်းယားတယ်၊ အိပ်လည်းပျော်မှာ မဟုတ်ဘူး။ ရှုထောင့်စုံ [illegible]စုံကတွေးရင် ဘယ်ဘက်ကမှ မကောင်းပါဘူးဗျာ။

လင်ယူပြီး အိမ်ထောင်မကျတဲ့ ဘဝမျိုး မဖြစ်အောင် နေပါ။ ပတ်ဝန်းကျင်မှာ အမြင်ဆိုးရုံမက ကိုယ်တွင်လည်း မိန်းမဆိုးလေးဘဝကို ရောက်သွားရော။

ကိုယ့်မှာ ဘာမှ အချို့ရာ ဖောက်ပြန်မှားယွင်းမှု [illegible]သေမယ့် အိမ်ထောင်ရှင် မိန်းကလေးဆိုတာ လင်နဲ့မနေနိုင်ရင် မိန်းမဆိုး ဖြစ်တာပဲ။

သျှောင်နောက် ဆံထုံးပါစမြဲတဲ့။ လင်ဆိုးလို့ [illegible]ပါနိုင်တာပဲဖြစ်ဖြစ်၊ ကိုယ်ဆိုးလို့ မပါနိုင်တာပဲဖြစ်ဖြစ်၊ သျှောင်နောက်ကို ဆံထုံးမပါနိုင်ရင် မိန်းမဆိုးလေးဘဝ ရောက်[illegible]

အမှန်တကယ်ကိုပဲ လင်ယူပြီး အိမ်ထောင်[illegible] [illegible]ခြင်းဟာ မိန်းမဆိုးစာရင်းဝင် ဖြစ်သွားတော့တယ်[illegible]။

www.burmeseclassic.com

www.burmeseclassic.com

# အူတိုတဲ့ မိန်းမဆိုးများ

အူတိုတဲ့ မိန်းမဆိုးတွေရှိတယ်။ မိန်းမတွေထဲမှာ အူတိုသူများတယ်။ ဒါပေမယ့် မိန်းမဆိုးတွေမှန်သမျှ အူတိုကြတယ်။ စိတ်သဘောထား သေးသိမ်ကြတယ်။ အူတိုမှုများလွန်းလို့လည်း မိန်းမဆိုး ဖြစ်ကြတာပေါ့။

မိန်းမတွေမှာ ကလေးလို စိတ်သဘောထား သေးငယ်ခြင်းဟာ ကိုယ်ပိုင် အကျင့်တစ်ခုလို ဖြစ်နေတယ်လို့ ဆရာကြီး ပီမိုးနင်းက "သမီးဂုဏ်ရည်"ဆိုတဲ့ စာအုပ်မှာ ရေးခဲ့ပါတယ်။

သဘောထား မကြီးတာ မိန်းမတွေအကျင့်လို့ ပုံသေ မဆိုနိုင်ပါဘူး။ စိတ်သဘောထား မြင့်မားမြင့်မြတ်တဲ့ မ,လေးလုံးပိုင်ရှင်တွေ အများကြီး ရှိပါတယ်။



အူတိုမျိုးသာ အူတိုတာပါ။ အချို့မိန်းမတွေဟာ မိုးနဲ့ရိုးနဲ့ကို အူတိုတတ်ကြပါတယ်။

မိန်းမအချင်းချင်းဆို ပိုဆိုးတယ်၊ ပိုပြီး အူတိုတတ်ကြပါတယ်။

အတင်းပြောတာ၊ မနာလိုတာ၊ အူတိုတာတွေဟာ မိန်းမအချင်းချင်းမှာ ပိုပြီး ပြင်းထန်ကြတယ်။ "ကောင်မကိုက ဘယ်လို" "ဟို(မသာ)မက ဘယ့်နှာ" စသည်ဖြင့် ပြောလည်းပြောတတ်ကြတယ်။

မဲ့ကာရွဲ့ကာနဲ့ အဆီအသားပါပါ တစ်တစ်ခွခွ ပြောရတာကို အူတိုမျိုး မိန်းမတွေဟာ အရသာ တွေ့ကြပါတယ်။

"ဝစီဗေဒ ထိတိုင်းရှ"ပြီး ကိုယ်ပြောတာ ကိုယ်ခံရတာကိုတော့ သတိမပြုမိကြဘူးလေ။

ပြောရတာကိုသာ အရသာ တွေ့နေတော့တာပါပဲ။ ဒါက ဘယ်နေ့က ဘယ်လိုပြောထည့်လိုက်တယ်။ နင်က ဘယ်လို ပြန်ပြောပါလား၊ ငါသာဆို တပ်ထည့်လိုက်မှာပဲ ဒေါသဖြင့် ပြောကြတယ်။

ယောကျ်ားကြီး တစ်ယောက်အဖို့ ဤသို့ဤနှယ် စကားတွေ ပြောရင် ရှက်စရာ ဖြစ်တယ်။

"ယောကျ်ားတန်မယ့် သည့်လိုပြောရသလား၊ သည်လိုပြောရင် ထဘီဝတ်ပါလား" စတဲ့ ကဲ့ရဲ့သံ ချက်ချင်း

www.burmeseclassic.com

www.burmeseclassic.com



ခံရတော့တာပဲ။ အဲသည်လို ကဲ့ရဲ့မှုကို ယောကျ်ား အတော်များများဟာ ကြောက်ရွံ့တဲ့အတွက် အရာရာမှာ မိန်းမထက် သဘောထားကြီးနေကြတာလည်း အကြောင်းတရားတစ်ခုပါပဲ။

"မိန်းမလို မိန်းမရ စိတ်ထား"လို့ အပြောခံရမှာကို ယောကျ်ားတွေ သိပ်လန့်တတ်တယ်။ ယောကျ်ားတစ်ယောက်ကို မိန်းမနဲ့ နှိုင်းပြီးဆိုကတည်းက အဲသည်ယောကျ်ားဟာ အဆင့်နိမ့်သွားပြီလေ။

အူတို မိန်းမဆိုးတွေဟာ ကပ်သီးကပ်သပ်ကို မြင်တတ်ပြောတတ်ကြပါတယ်။ ပြောရအောင်လည်း သူတို့ မျက်လုံးတွေက စပ်စပ်စုစု ကြည့်နေကြတာပဲ။

"ဟဲ့--ဟိုကောင်မ ဟိုနေ့က အစောကြီး သွားတာ၊ ကောင်မ ဘာဝတ်တာ၊ ဘယ်သူနဲ့တွဲတာ" စတာတွေကို စပ်စပ်စုစု ကြည့်ပြီးမှ ပြောကြတာ။

အူတိုတဲ့ မိန်းမဆိုးဟာ မနာလိုစိတ် ပြင်းထန်သူပါပဲ။ မနာလိုခြင်း ပြင်းထန်လာတဲ့အခါ အူတိုတဲ့ စကားပြော၊ အူတိုတဲ့ သဘောထား အပြုအမူတွေ လုပ်တတ်ကြပါတယ်။

မနာလိုစိတ် ပြင်းတဲ့အခါ မနာလိုစိတ်ကြောင့် လှပတဲ့ရုပ်တောင် အရုပ်ဆိုးလာတာကို မြင်ရတော့တယ်။

မနာလိုစိတ်ဟာ စိတ်ကြီးဝင်တာ၊ ဟန်လုပ်တာထက်တောင် ဆိုးပါတယ်။ အဲသည်ကိစ္စတွေဟာ လူအမုန်းဆုံး ကိစ္စတွေပါပဲ။



အမျိုးသမီး လောကမှာ ဂုဏ်တုဂုဏ်ပြိုင် လုပ်တာဟာ အမျိုးသား လောကထက် ပိုပါတယ်။ အမျိုးသမီးတွေဟာ ဘယ်သူဘယ်လိုဝတ်တယ်၊ ဘယ်လိုစားတယ်၊ ဘာလုပ်တယ်၊ ဘယ်လိုသွားတယ် ဆိုတာတွေကို သိပ်လေ့လာပြီး ပြိုင်တတ်ကြပါတယ်။

အပြိုင်အဆိုင်ကြောင့်လည်း မနာလိုတာ၊ အူတိုတာတွေပါ။ အူတိုလွန်းရင် မိန်းမဆိုးစာရင်း ဝင်တာပဲ။

အရပ်ထဲမှာ အူတိုလွန်းတဲ့ မိန်းမဟာ ဘယ်သူနဲ့မှ သင့်မြတ်ဘူး။ တော်ရုံတန်ရုံ အူတိုသူ မိန်းမချင်းသာ ပေါင်းလို့ရတတ်ကြပါတယ်။

ကိုယ့်ထက်သာလို့ မနာလိုအူတိုတာဟာ နေရင်းထိုင်ရင်းနဲ့ အကုသိုလ်တက်တဲ့ စိတ်ပါပဲ။

ကိုယ့်ထက်သာ မနာလိုတတ်တဲ့ လူတွေ ရှိတယ်။ သူတစ်ပါးက မိမိထက်ပိုပြီး နေရ၊ ဝတ်ရ၊ စားရတာကို ရှုစိမ့်နိုင်တဲ့ စိတ်ဟာ မနာလိုစိတ်ပဲဖြစ်တယ်။

ဒုစရိုက်ဆယ်ပါးမှာ စိတ်ရဲ့ ဒုစရိုက်ကို အဘိဇ္ဈာ ဆိုတဲ့ စကားနဲ့ပြတယ်။

အမှန်တကယ်တော့ အဲသည် အူတိုခြင်းဟာ ရယ်စရာ ကောင်းလှပါတယ်။ ယောကျ်ားပဲဖြစ်ဖြစ် မိန်းမပဲဖြစ်ဖြစ် ကိုယ့်စိတ်ဟာ အလွန်သေးသိမ်ကြောင်းကို ပြသနေပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



ကိုယ့်ထက်သာ မနာလို အူတိုနေတာဟာ ရယ်စရာပါပဲ။ ဘာဖြစ်လို့လဲဆိုတော့ လူ့လောကကြီးထဲမှာ ကိုယ့်ထက်သာတဲ့လူဆိုတာ မရေမတွက်နိုင်အောင် ရှိတာပဲ။ အဲတာကို လိုက်ပြီး မနာလိုနေရင် ကိုယ်ပဲ မောလို့ဆုံးမှာ မဟုတ်ဘူးလေ။

အမှန်စင်စစ်က မနာလို အူတိုနေစရာ မလိုပါဘူး။ စဉ်းစားကြည့်ပါလား။ ကိုယ့်ထက်သာသူကို မသာအောင် ကိုယ်က လုပ်လို့ ရပါ့မလား။ ကိုယ်က လုပ်လို့ရမှာ မဟုတ်ဘူး။ ကိုယ့်ကိုယ်ကိုသာ အဲသည်လူထက်သာအောင် ကြိုးစားဖို့သာ ရှိတယ်။

သူ့ခင်ပွန်း ကြီးပွားလို့ ဟိုမိန်းမ ကောင်းစားနေတာကို ကိုယ်က ဘာလို့အူတိုနေရမှာလဲ၊ သူ့ကုသိုလ်နဲ့သူပဲ။ ရေမြင့်လို့ ကြာတင့်တာပဲ။ သူအကျိုးခံစားရပုံကို မနာလိုစရာ မရှိဘူး။ မိန်းမရော ယောကျ်ားပါ လူသတ္တဝါ မှန်သမျှဟာ သူ့ကုသိုလ်နဲ့ သူ၊ သူ့အကုသိုလ်နဲ့ သူ လာကြတာပဲ။ အဲဒါကြောင့် တစ်ဦးနဲ့တစ်ဦး မတူပါဘူး။ ပြဒါးတစ်လမ်း သံတစ်လမ်းပါပဲ။

တစ်ရွာတည်း တစ်လမ်းတည်း နေသူချင်း အပေါ်မှာ အူတိုတာ ရှိသလို ညီအစ်မချင်း အူတိုတာမျိုးလည်း ရှိပါတယ်။



မနာလို အူတိုတာဟာ ကိုယ့်ကိုယ်ကို ရောဂါရစေပါတယ်။ မျက်နှာအမူအရာလည်း မလှပါဘူး။ မနာလိုမှု၊ အူတိုမှုများရာကနေ မျက်နှာက ရှုပ်လာတော့တယ်။ ကြာတော့ လူရှောင်ခံရပြီး ကိုယ့်အူတိုမှုဒဏ်ကို ကိုယ်ပဲပြန်ခံရတယ်။

မိန်းမဆိုးဘဝကို အူတိုခြင်းကနေ ရောက်ရှိသွားသူတွေရှိတယ်။

ကိုယ်က မနာလိုအူတို တစ်ဖက်က ကိုယ့်ကို ကြဉ်ရှောင်ခိုင်းပါတယ်။ အဲသည်မှာ ပိုပြီး အရွဲ့တိုက်၊ ကြာတော့ လူမှုရေးရော၊ စီးပွားရေးရော ကျဆုံးပြီး အဖက်ဖက်က ဆုံးရှုံးမှုတွေ ဖြစ်နေတော့တာပေါ့။

လောကကြီးမှာ သူရထိုက်လို့ ရတာပဲ၊ ရပါစေလို့သာ သဘောထားပါ။ စိတ်သဘောထား မသေးသိမ် အူမတိုပါနဲ့။

အူမတို သဘောထား မသေးသိမ်တဲ့ မိန်းမကောင်းမျိုးကို ယောကျ်ားတွေ သိပ်မြတ်နိုးတယ်။

မိန်းမတစ်ယောက်ဟာ အခြားမိန်းမတစ်ယောက်အပေါ် မနာလို အူတိုလို့ အကျိုး တစ်စုံတစ်ရာ မဖြစ်ပွားပါဘူး။ မနာလို အူတိုစိတ်ကြောင့် ကိုယ့်ရဲ့ စင်ကြယ်တဲ့ အာရုံတွေ ညစ်နွမ်းပြီး ကိုယ့်ခန္ဓာကိုယ်က သွေးတောင် ညစ်နွမ်းတယ်ဗျ။

အိမ်နီးပါးချင်း မိန်းမ၊ တစ်ရွာတည်းနေ မိန်းမ၊ တစ်ရုံးတည်းလုပ် မိန်းမ၊ တစ်ဈေးတည်းရောင်း မိန်းမချင်း

www.burmeseclassic.com

www.burmeseclassic.com



အပေါ်စီးက ကြည့်တတ်ရင် အဲတာမှမဟုတ် နှိမ့်ချစိတ်နဲ့ ပြောတတ်ရင် အဲသည်မိန်းမဟာ အဲသည်ရွာ၊ အဲသည်ဈေး၊ အဲသည်ရုံးမှာ ကြာကြာ မရပ်တည်နိုင်ဘူး။ ရပ်တည်နိုင်လည်း မသေခင် မကောင်းသတင်း အပုပ်နံ့ တထောင်းထောင်းနဲ့ နေရတယ်။

အချို့က မနာလိုအူတိုတာ မဟုတ်ဘူး။ စိတ်ရင်း ကောင်းပြီး မျက်နှာပေါက်ဆိုး၊ အပြောကြမ်းတာ။ အဲသည်လို မိန်းမမျိုးတွေကျတော့ အစမှာလန့်သွားပြီး ခင်မင်လည်းသွားရော ပြောမနာ ဆိုမနာ ပွင့်ပွင့်လင်းလင်း ဖြစ်သွားရောဗျ။

မနာလိုအူစိတ်ဟာ မိန်းမတွေမှာသာမက ယောကျ်ား ပညာရှင်ကြီးတွေမှာတောင် ရှိတာပဲ။

မနာလိုအူတိုစိတ်ဟာ မိန်းမတွေနဲ့ ပညာရှင်ကြီး တွေမှာ ရှိတယ်လို့ လူ့သဘာဝဓမ္မ ဆရာတွေက မှတ်ချက်ရှိထားခဲ့ ကြပါတယ်။

မိမိထက်သာမှာ ကျော်မှာကို စိုးရိမ်ထိတ်လန့်တာ အညွန့်အညှောက် တက်လာမှာကို မလိုလားတာ၊ အဲတာတွေက မနာလိုအူတိုစိတ်က အရင်းအမြစ်ခံ ဖြာထွက်လာတဲ့--

မစ္ဆရိယစိတ်၊

ဣဿာစိတ်၊

ဗျာပါဒစိတ်တွေပါပဲဗျာ။

# မိန်းမလက်နက်

လက်တံန်း ပါးစပ်ပြော ပုံပြင်တစ်ပုဒ် ရှိပါတယ်။ အဲသည်ပုံပြင်မှာ မိန်းမလက်နက် ဆိုတာကို သိရလိမ့်မယ်။ မိန်းမတွေရဲ့ လက်နက်က ပြင်းထန်တယ်၊ ထိရောက်မှုရှိတယ်။

ဟိုးရှေးရှေးတုန်းက ကမ္ဘာဦး အစလောကကပေါ့။ အဲသည်ကာလတစ်ခုမှာ ကျားနဲ့ မ,ဟာ အတူတူမနေကြဘူး တဲ့။

မိန်မတွေဟာ အသားစား ကျားသတ္တဝါ ထွားထွား ကျိုင်းကျိုင်းကြီးတွေနဲ့သာ အတူနေချင်နေမယ်၊ ယောကျ်ား သတ္တဝါတွေနဲ့ အတူမနေဘူး။

ယောကျ်ားတွေကလည်း တိရစ္ဆာန် မျောက်မ

www.burmeseclassic.com

www.burmeseclassic.com



တွေနဲ့သာ အတူနေမယ်၊ လှပတဲ့ လူမိန်းမတွေနဲ့ အတူမနေကြဘူး။

ကျားနဲ့ မ,ဟာ ရန်ဘက်ပဲ။

ယောကျ်ားက တိုင်းပြည်တစ်ပြည်၊ မိန်းမက တိုင်းပြည်တစ်ပြည် သီးခြားကြည့်မရတဲ့ ရန်သူကြီးတွေလို နေထိုင်ခဲ့ကြတယ်။

သူတို့ထဲမှာ ဖောက်ပြန်သူရှိလို့ မိရင် အဲသည်မိန်းမကို ခေါင်းဖြတ်သတ် ယဇ်ပူဇော်တယ်။ ယောကျ်ားတွေလည်း မိန်းမနဲ့ ငြိစွန်းပြီး မိလာသူရှိရင်လည်း အရှင်လတ်လတ် ကြိုးတုပ် မီးမြှိုက်တယ်။

ပြင်းထန်တဲ့ ကျား,မ သတ္တဝါ ခွဲခြားစိတ်တွေကြောင့် ယောကျ်ားတွေက တိုင်းပြည်တစ်ပြည်၊ မိန်းမတွေက တိုင်းပြည်တစ်ပြည် နေကြတယ်။

ကျားနဲ့မ,တို့ရဲ့ စစ်ပွဲကို မကြာခဏလိုပဲ ဆင်နွှဲကြတယ်။ ကျား,က လာတိုက်လိုက်၊ မ,က လာတိုက်လိုက်နဲ့ ဘယ်ဘက်က ဦးအောင် စစ်ထိုးထိုး တိုက်ပွဲမှန်သမျှ မိန်းမ,ကချည်း နိုင်ပါတယ်။ ယောကျ်ားတွေဘက်ကချည်းပဲရှုံးတယ်။ အောင်မြင်စွာ မဆုတ်ခွာရဘဲ ခွေးပြေး ပြေးရတယ်။

သေလုမြောပါး သည်လိုပဲ အရှုံးပေးပြီး ပြေးရတဲ့ အကြောင်းရင်းကို ရှာတော့ လုံ့လ၊ ဝီရိယ၊ သတိ စတဲ့



တိုက်ပွဲအတွက် အဓိက အချက်တွေမှာ မိန်းမတွေကချည်း သာနေတယ်။ ယောကျ်ားတွေက ကိုယ်ခန္ဓာသာ တောင့်တင်းဆမယ့် ပျင်းတွေ။ သတိလည်း မထားကြဘူး။ အလစ်မှာ မိန်းမတွေက လာတိုက်လည်း ခံရတာချည်းပါပဲ။

ဓား၊ လှံ၊ လေးမြားချင်းကလည်း သုံးစွဲမှုပိုင်းမှာ အတူတူပါ။ ယောကျ်ားနဲ့ မိန်းမ ကွာဟသွားတာကတော့ ကျား လက်နက်က ဝီရိယမရှိ ပျင်းတော့ ဓားတုံးတွေ၊ လှံသံချေးတက်တွေ၊ မြားပစ်ကျွမ်းအောင် ဝီရိယ လုံ့လနဲ့ လေ့ကျင့်မထားတော့ လက်မတည့်ဘူး။

မိန်းမတွေက ခပ်ဝေးဝေးကပစ်လည်း မှန်အောင်ကို ပစ်နိုင်ပါတယ်။

မိန်းမတွေက တိုက်ပွဲပြင်ဆင်ဖို့ ဖြတ်ထိုးဉာဏ် ရှိရုံမက သတိလည်း အမြဲရှိတယ်။

ယောကျ်ားတွေဘက်က အဲဒါကို အခဲမကျေဘူး။ ယောကျ်ား ဘုရင်ကြီးဟာ ကြာတော့ သူ့ဘက်က အားနည်းချက် သိလာတယ်။ "ယော့ကောင်တွေ၊ မင်းတို့တစ်တွေ မိန်းမတွေကို မနိုင်မချင်း ဆက်ပြီးတိုက်ရမယ်၊ မနိုင်သမျှ တိုက်ရမှာပဲ"လို့ ဆိုတယ်။

အဲသည့် အမိန့်နဲ့အတူ ထုတ်ပြန်တာကတော့–

"အခုတိုက်တဲ့ တိုက်ပွဲမှာ မိန်းမတွေက ဓား,

www.burmeseclassic.com

www.burmeseclassic.com



လုံ့, လေးမြား မထက်မြက်တဲ့ ယောကျ်ားမုန်သမျှကို ခေါင်းဖြတ်အပစ်ပေးမယ်"လို့ အမိန့်ပါ ပူးတွဲကြေညာလိုက်တာပေါ့။

အမိန့်ကြောင့် အားလုံး လှုပ်ရှားကုန်ကြတယ်။ ပေါ့ပေါ့မနေဘဲ သတိ, ဝီရိယတွေ,-လုံ့လတွေ ရှိလာကြတာပေါ့။ လက်နက်တွေတပြောင်ပြောင်၊ မြားချက်တွေ တရှိုးရှိုး၊ နားဟစွင့်စွင့်နဲ့လေ။

ယောကျ်ား ဘုရင်ကြီးဟာ သူ့ကျားတပ်ကို အားရလောက်အောင် ဖြစ်တဲ့အချိန်မှာတော့ မိန်းမ ဘုရင်မကြီးဆီ တိုက်ပွဲသတင်း၊ တိုက်ပွဲခေါ်သံ သဝဏ်လွှာ ကြိုပို့လိုက်တယ်။

"မောင်မောင်တို့အဖွဲ့ လာမယ်ပေါ့လေ၊ သည်တစ်ပွဲတော့ မောင်မောင်တို့အဖွဲ့ မင်းတို့ကို အနိုင်ယူမယ်ပေါ့။ မချောတို့ နာဖိုသာပြင်ပေတော့"လို့ ဆိုတယ်။

အဲသည်မှာ ဘုရင်မကြီးကလည်း တိုက်ပွဲကို လက်ခံလိုက်ပါတယ်။ စိန်ခေါ်ရင် တိမ်ပေါ်အထိ "မမတို့အဖွဲ့"ကလည်း လိုက်တိုက်မယ်ပေါ့။ သည်တစ်ခါတော့ ကျားဆိုရင် အစိမ်းစားမယ်။ မမတို့အဖွဲ့က အကျိုအကျားတောင် မဝတ်ဘူးဆိုပြီး သတင်းပြန်တယ်။

ပြန်စာတစ်စောင်လည်း ပေးလိုက်တာ။ အဲသည်ပြန်စာကတော့ "ဒီမှာ ကိုရွှေဘုရင်နာ ယောကျ်ားကြီးရဲ့ ပြီးခဲ့တဲ့ တိုက်ပွဲတွေမှာ ငါတို့မိန်းမတွေဟာ (သာမန်လက်နက်)ကို



သုံးခွဲတိုက်ခိုက်ခဲ့တယ်၊ ခုတစ်ကြိမ်မှာတော့ အလွန်ထက်မြက်တဲ့လက်နက်တွေ သုံးတော့မှာမို့ နင်တို့ပဲ ရှုံးရမှာ သေချာတယ်၊ သည်တစ်ကြိမ်ရှုံးသူဟာ တစ်သက်တာပတ်လုံး စစ်သုံ့ပန်းအဖြစ်နဲ့ ကျွန်ခံကြေးပဲ"လို့ ကတိပါ တောင်းလိုက်တယ်။

ကျားဘုရင်ကြီးကလည်း သဘောတူလိုက်ရတယ်။ ဒါဆိုမယ့် မောင်မောင်တို့အဖွဲ့ဟာ မတွေးတတ် မကြံတတ်အောင် ဖြစ်နေတယ်။

မောင်မောင်တို့ အနေနဲ့ စစ်ပွဲကို ရှောင်ဖို့ရာလည်း အခက်၊ ရှောင်ပြန်ရင် မောင်မောင်တို့အဖွဲ့ကနေ (သူများတို့အဖွဲ့) ဖြစ်သွားမယ်။ နွဲ့ရပြန်ရင်လည်း မမတို့အဖွဲ့က ဘာလက်နက်ဆန်းတွေနဲ့ သုံးပြီး တိုက်ခိုက်မှာလဲ။ အင်း--(စကာဒ်) ဒုံးကျည်တွေနဲ့များ လှမ်းပစ်မှာလားဆိုပြီး ခပ်သန့်လန့်တော့ ဖြစ်ကြတယ်။ စကာဒ်နဲ့ပစ်ရင် မလွယ်ဘူးပေါ့တော်လား။

ယောကျ်ားတံခွန် လူ့ရည်ချွန်က ကောင်းကင်အမြွတ် ကြယ်ကိုဆွတ်လို့တောင် ရှိသေးတာပဲ။ ကြယ်ဆွတ်ဖို့က ခဲတယ်။ မမတို့အဖွဲ့ကို သွားတိုက်ဖို့က လွယ်ပါတယ်ဆိုပြီး ကျားဘုရင်ကြီးဟာ မိန်းမဉာဏ် ဆင်တော့တယ်။

နောက်ဆုတ်သူမှန်သမျှ ခေါင်းဖြတ်မယ် မမတို့အဖွဲ့က မမျှော်လင့်တဲ့ အ,ကာလ ညဥ့်လယ်ယံမန်းခေါင်ယံ

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



အချိန်မှာ ကြိုပြီး မသိအောင် တူးထားတဲ့ ဥမင်လိုဏ်တစ်ခုထဲ ဝင်ရမယ်၊ မြို့ထဲရောက်ရင် မိန်းမအိမ်မှန်သမျှ တစ်အိမ် တစ်ယောက် အိမ်ထဲဝင်ပုန်းနေရမယ်၊ နံနက်လင်းလို့ အချက်ပေးတာနဲ့ သုံ့ပန်းမိန်းမတွေကို ရှေ့ကတင်ပြီးတော့ ဘုရင်မဆီ လာပေတော့လို့ တိုက်ပွဲအစီအစဉ် ဆွဲတယ်။ လျှို့ဝှက်ပြောက်ကျား စစ်ပွဲနွှဲတယ်။

ဘုရင်ကြီးကိုယ်တိုင်လည်း ဘုရင်မကြီးရဲ့ နန်းတော်ထဲကို ချဉ်းနင်းဝင်ရောက်တယ်။

ဟော--နံနက်လင်းလို့ တိုက်ပွဲလည်း ခေါ်ပြီးရော ယောကျ်ားတွေကို ကြိုးတုပ်ပြီး မိန်းမတွေက သုံ့ပန်းအဖြစ်နဲ့ ဖမ်းလာကြတယ်။

အိပ်ချင်မူးတူးနဲ့ ဘုရင်ကြီး မျက်လုံးပြူးသွားတယ်။ ဟ--ဘယ်လိုဖြစ်တာလဲ၊ အိပ်မက်တော့ မဟုတ်ပါဘူး၊ မောင်မောင်တို့ အဖွဲ့ဝင်မှန်သမျှကို မမတို့က ကြိုးတုပ်ထားကြပါလား။

ဘုရင်ကြီးက ခေါင်းတန်ပြီး ဘုရင်မကြီးကို ဖမ်းလိုက်တယ်။ ပြီးတော့ လည်ပင်းကို ဓားနဲ့တေ့ထားတယ်။ သူ့စိတ်ထဲမှာ သိချင်တာ ရှိတယ်။

ဘုရင်မ ဇက်ပေါ် ဓားတင်ပြီး--

"ကဲ--မယ်မင်းကြီးမ--သည်တိုက်ပွဲမှာ နင်တို့



မိန်းမတွေ ဘာလက်နက်သုံးလဲ၊ ပြောစမ်း၊ ငါ့ကောင်တွေ အားလုံး ကြိုးတုပ်ခံထားရပြီ၊ ပြောစမ်း--ဖြေစမ်း"

အဲသည်အခါမှာ ဘုရင်မကြီးက မျက်ရည်အသွယ်သွယ်ကျပြီး ငိုတယ်။

မောင်မောင်တို့ရယ်၊ မမတို့ လက်နက်က အဲဒါပါပဲလို့ ပြောနေသလိုပဲပေါ့။ သနားစဖွယ် ငိုနေတဲ့ ဘုရင်မကြီးကို ကြည့်ပြီး ဘုရင်ကြီးဟာ စိတ်ပြောင်းသွားတယ်။ ဓားကို ဇက်ပေါ်ကချ ချော့မော့မေးရတော့တယ်။

အဲသည်တော့မှ ဘုရင်မကြီးက ဖြေတယ်လေ။

"မမတို့လက်နက်ကို မသိဘူးလား၊ ခုထိကို မသိသေးဘူးလား၊ မမတို့ လက်နက်က မျက်ရည်ပေါ့ မောင်မောင်ရယ်"တဲ့လေ။ မောင်မောင်တို့ အဖွဲ့ဝင် အားလုံးဟာ အဲသည် မျက်ရည်လက်နက်မှာ အညံ့ခံလိုက်ရတယ်"

အဲသည်ကာလ ခေတ်ဆီက,စလို့ မိန်းမလက်နက်ကို အံမတုနိုင်ကြတဲ့ မောင်မောင်တို့ဟာ သားစဉ်မြေးဆက် မိန်းမတွေရဲ့ ကျေးကျွန် ဖြစ်နေကြတော့တာပေါ့။ ကျားကနေ ကြောင်ဖြစ်ကြရတယ်လေ။

****

www.burmeseclassic.com

www.burmeseclassic.com

# မိန်းကလေးနှုတ်က ယောင်သွားတဲ့ စကားတစ်ခွန်း

မိန်းမတစ်ယောက်ရဲ့ မာယာရယ်၊ အဓိပ္ပာယ်ပါတဲ့ စကားတစ်ခွန်းရယ် ပေါင်းလိုက်ရင် ယောကျာ်းတွေဟာ တင်းမာတဲ့ နှလုံးသားတွေ နူးညံ့သွားတော့တယ်။ အဲဒါမှ မဟုတ်ရင် အလွန် တင်းမာသွားတတ်ပါတယ်။

လောကသဘာဝဖြစ်တဲ့ အခြေခံ သုံးမျိုးမှာ နှုတ်ထွက်စကား ဝစီကံကလည်း လွန်စွာ အရေးပါတယ်။

မိန်းမတစ်ယောက်ဟာ ဟန်ပန် မူရာနဲ့ အတူ ရမ္မက်ကို နှိုးဆွရင် တော်ရုံတန်ရုံ ဖိုသတ္တဝါ ခံနိုင်ခဲ့တယ်။ မိန်းမတစ်ယောက်ရဲ့ စကားတစ်ခွန်း နှုတ်ထွက်မှားရင်လည်း ဒုက္ခရောက်တတ်ပါတယ်။



အဲသည်အကြောင်းနဲ့ ပတ်သက်လို့ အင်းဝခေတ်က ရုပ်ပါစတားဖြစ်တဲ့ စောဘို့မယ်အကြောင်း ပြောမယ်။

အင်းဝခေတ် ရုပ်ပါစတားတွေထဲမှာ စောဘို့မယ်ဟာ တော်ရုံတန်ရုံ မဟုတ်ဘူး။ သူ့ကို မင်းငါးဆက်ကြီးများတောင် မိဖုရားမြှောက်ခဲ့တာပါ။ ကိစ္စက တကယ်မလွယ်တဲ့ ကိစ္စပါ။ စဉ်းစားကြည့်ပါလား။ ငါးယောက် ဆက်တိုက် ကြိုက်ဖို့ကိစ္စဆိုတာ လွယ်တဲ့ကိစ္စမှ မဟုတ်တာ။

သက်မဲ့ အသုံးအဆောင် ပစ္စည်းတစ်ခုကိုတောင် ငါးယောက် ဆက်ပြီး သုံးခဲ့ပါတယ်။ သိပ်ကောင်းတဲ့ ပစ္စည်းမှသာ ဖြစ်ကြတာ မဟုတ်လား။

စောဘို့မယ်က လှတယ်၊ လှရုံပဲလားဆိုတော့ မဟုတ်သေးဘူး၊ ဟန်ပန်က ကြွကြွရွရွ၊ အဲသည်လို လှလှပပ ကြွကြွရွရွသာမကဘဲ ပြောရေးဆိုရေးချို၊ လူမှုရေးဘက်မှာလည်း ဘက်ကွက် မလိုပြန်ဘူး။

အဲသည် မိန်းမချော၊ မိန်းမလှလေးဟာ နန်းတွင်း အရေးကို ခြယ်လှယ်နိုင်တဲ့အထိ သြဇာကြီးခဲ့ပါတယ်။ သူမကို မင်းငါးဆက်စလုံး ချစ်တယ်။ ဘုရင်မင်းခေါင်က မြတ်နိုးသလို သီဟသူက တွယ်တာတယ်။ မင်းလှငယ်က မေတ္တာရှိသလို ကလေးကျေးတောင်ညိုက သစ္စာထားခဲ့တယ်။ နောက်ဆုံး မိုးညှင်းမင်းတရားကလည်း မပျက်ယွင်းခဲ့ပါဘူး။

www.burmeseclassic.com

www.burmeseclassic.com



အင်းဝမင်းဆက် မင်းခေါင်ဟာ စောဘို့မယ်ခေါ် ရှင်ဘို့မယ်ကို ဟံသာဝတီကို စစ်ထိုးအပြီး အခြေမလှလို့ ထွက်ပြေးရာမှာ ဆင်ပေါ်က ကျခဲ့တယ်။ မင်းသမီး အဖြစ် ကလည်း ဆိုးတယ်။ သလွန်ပေါ်က ကျတာ မဟုတ်ဘူး။ ဆင်ပေါ်က ကျတာပါ။

အသွားမှာ မိဖုရား ရှင်မိနောက်နဲ့ ရှင်ဘို့မယ် နှစ်ယောက်စလုံး ပါတယ်။ ရှင်မိနောက်ကို ဟံသာဝတီဘုရင် ရာဇဓိရာဇ်က' သိမ်းပိုက်လိုက်တယ်။

ဆင်ကဲ တစ်ယောက်က ရှင်ဘို့မယ် ချေ့အလှကို ကောက်ပြီး ခေါ်လာတယ်။ မိဖုရားတောင် ပြန်မကောက်နိုင် အောင် ပြေးရတဲ့ ဘုရင်အဖြစ်ကို စာရေးသူဟာ ရာဇဝင်ဖတ်ရင်း ရယ်ချင်မိပါတယ်။ ခွေးပြေး ဝက်ပြေးဆိုတာ အဲဒါမျိုး ဖြစ်မှာပဲ။ ဒါပေမယ့် ဘုရင်က ဆင်နဲ့ပြေးတော့ ဆင်ပြေးပေါ့ဗျာ။

ကောက်လာတဲ့ ဆင်ကဲက ခပ်အေးအေး၊ ခပ်ရိုးရိုး ပါ။ လှပပြေပြစ် တောင့်တင်းတဲ့ မိဖုရားကို လင့်စင်ပေါ်မှာ သိပ်ပြီး သူက မြေပြင်မှာအိပ်တယ်။ မွေးသင့်လို့ မွေးရတော့မယ်၊ ဘုဂယ်မကုသိုလ်၊ ငါ့ကုသိုလ် သဘောထားခဲ့တယ်လေ။

နောက်ရက်အချို့ လွန်မြောက်တော့ နေပြည်တော် ပြန်ရောက်ပြီး ပစ္စည်းအပ်၊ မိဖုရားအပ် လုပ်တာပေါ့။ ဘုရင်မင်းခေါင်လည်း သူ့ပစ္စည်း သူပြန်ရလို့ ဝမ်းသာတယ်။



ဒါပေမယ့် ချောလှတဲ့ မိဖုရားနဲ့ ဆင်ကဲအပေါ် စိတ်စနိုးစနောင့်ပဲ။ ဆင်ကဲ စောင်မကြည့်ရှုတာ ကြည့်ရှုရုံ ကြည့်ရှုတာ ဖြစ်မှာပါ လို့ စိတ်ဖြေနေခဲ့တယ်လေ။

သည်လို ဖြေပြီး ပြီးပြီးပျောက်ပျောက် နေလာခဲ့တာ ဘာပြဿနာမှ မပေါ်ခဲ့ဘူး။

ပေါ်ချင်လာတော့ လှပတဲ့ မိဖုရားရဲ့ နှုတ်ထွက် စကားတစ်ခွန်းကြောင့် ပြဿနာ အကြီးကြီး ဖြစ်သွားရတယ်။

ရိုးရိုးကြီး ဆင်ကဲမှာ ရှင်ဘို့မယ် စကားကြောင့် ခံလိုက်ရတယ်။ မိဖုရားရဲ့ စကားတစ်ခွန်းဟာ ဆင်ကဲဇက်ပေါ်မှာ ခားဝဲသွားတော့တယ်လေ။

ဘယ်လိုစကားများ ထွက်လိုက်လဲလို့ စာဖတ်သူ သိချင်မှာပဲ။ အဖြစ်က သည်လိုပါဗျာ။

မိဖုရား မရွှေချော ရှင်ဘို့မယ်က ကွမ်းသီးညှပ်တယ်၊ အဲတာ လက်ကိုညှပ်မိတယ်။

"အလို ဘုရား၊ ဘုရား"လို့ တ,လိုက်ရင် ဘာ ပြဿနာမှ မပေါ်ပါဘူး။

အဲသည်လို မယောင်မတဘဲ သူ့နှုတ်က "အလို ဆင်ကဲလေ"တဲ့ဗျာ။

သည်တော့ ဘုရင်ကြီးက အမျက်ထွက်တော့ပေါ့။ ငါ့မိန်းမနဲ့ ဆင်ကဲနဲ့ ကနေ့ည ခရီးနှင်ခဲ့တာပဲ။ "အလို

www.burmeseclassic.com

www.burmeseclassic.com

ဆင်ကဲလေ”လို့ ယောင်လိုက်ပုံက ဇကန့်တော့ ဇကန့်ပဲဆိုပြီး စိတ်စနိုးစနောင့် ဖြစ်ရာက တောင်စွယ်နေကွယ်ရင် ဆင်ကဲ ကျောင်းတော့လို့ လုပ်ပစ်လိုက်တယ်လေ။

မိန်းမတစ်ဦးရဲ့ နှုတ်ထွက်စကားဟာ ဘယ်လောက် များ အရေးကြီးသလဲနော်။

မိန်းမကောင်းဖြစ်ဖို့ စကားတစ်ခွန်းက အစ အရေးကြီးလှပါတယ်။ ယောင်ယမ်းတာကအစပါပဲ။

သည်လိုဖြစ်လို့တော့ ရှင်ဘို့မယ်ဟာ မိန်းမဆိုး စာရင်းဝင်သွားတာပေါ့။ ကိုယ့်အသက်ကို ကယ်ခဲ့တဲ့လူကို ပြန်သတ်သလို ဖြစ်သွားရတယ်။

နှောင်းခေတ်စာဆိုတွေက “ရှင်ဘို့မယ်၊ ယင်း တစ်ချက် မင်းဆက်ကငါးသွယ်၊ ယွင်းမပျက်စုလျားခြယ်သည်၊ ထား၊တစ်သွယ်ဥဒါန်း”လို့ ဆိုတယ်။

စာရေးသူကတော့-

“ရှင်ဘို့မယ်၊ စကားတစ်ချက်မှားချက်နာ ဓားချက် က ဆင်ကဲဇက်မှာ၊ ဝဲပျံကာသွား”လို့ပဲ ဆိုလိုက်ချင်ပါတော့ တယ်ဗျာ။

*****

# မာယာလေးဆယ်

ဘယ်ကျမ်းဂန် ဆရာကနေ ခွဲခြားပြသရေးမှတ် ထားတယ် ဆိုတာတော့ မသိပါဘူး။

မိန်းမတွေမှာ မာယာလေးဆယ် ရှိတယ်လို့ ရှေးစာဆို အဆက်ဆက်က ဆိုခဲ့ပါတယ်။

စာရေးသူတို့ မြန်မာလူမျိုးတွေမှာ မိန်းမ မာယာ လေးဆယ်ရှိတယ်လို့ ရှေးအစဉ်အဆက်ဆက်က ဆိုမိန့်ခဲ့တာကို နားလည်ထားကြပါတယ်။

အဲသည် လေးဆယ်ကတော့--

၁။ ကိုယ်ဟန်ပန်ကို ဆန့်ပြတာ (ရှိတာတွေ ပြတာပေါ့)
၂။ ကိုယ်ကို ညွတ်ကွေးပြတာ (အကွေ့အရစ်တွေနဲ့ ပြတာ)
၃။ အလှအပကို တမင်ပြတာ၊
၄။ ရှက်နိုးယောင်ပြုတာ၊
၅။ လက်သည်း၊ ခြေသည်း အချင်းချင်း ပွတ်ပြီး ပြတာ၊

www.burmeseclassic.com

www.burmeseclassic.com



၆။ ခြေဖဝါးနှစ်ခုကို ပတ်နင်းပြတာ၊
၇။ မြေကို တုတ်နှင့်ခြစ်၍ပြတာ၊
၈။ ကလေးငယ်ကို မြှောက်ချီမြှူပြတာ၊
၉။ မြှူပြရန် တစ်ပါးသူကို တိုက်တွန်းတာ၊
၁၀။ ကလေးကိုနမ်းပြတာ၊
၁၁။ မိမိကို ကလေးက နမ်းစေတာ၊
၁၂။ ကလေးနဲ့ ကစားတာ၊
၁၃။ ကလေးကို ဖက်ယမ်းတာ၊
၁၄။ ကလေးကို မုန့်ပေးတာ၊
၁၅။ တစ်ခုခုကိုပေးတာ၊
၁၆။ ကလေးနဲ့လိုက်ပြီး အတူပြုတာ၊
၁၇။ သာယာသောအသံကိုပြုတာ၊
၁၈။ မနှစ်သက်ဖွယ်သောအသံကိုပြုတာ၊
၁၉။ တေးသီချင်းဆိုတာ၊
၂၀။ ဆိတ်ငြိမ်ရာမှ ကတာ, သီဆိုတာ၊
၂၁။ ပြင်းစွာ ရယ်မောပြတာ၊
၂၂။ စောင်းငဲ့ကြည့်တာ၊
၂၃။ ကြာနဲ့ကြည့်တာ၊
၂၄။ တင်ဆုံကို နိမ့်မြင့်ပြုပြတာ၊
၂၅။ လျှို့ဝှက်အပ်တဲ့အင်္ဂါကို လှုပ်စေ,မြင်သာစေတာ၊



၂၆။ ပေါင်ကိုဖွင့်ဟတာ၊
၂၇။ သားမြတ်ကို မလုံမလဲပြုတာ၊
၂၈။ ပေါင်ကို ဖုံးဖိဟန်ပြုတာ၊
၂၉။ လက်သီးဆုပ်ပြတာ၊
၃၀။ ချက်ကိုပြတာ၊
၃၁။ မျက်စိမှိတ်ပြတာ၊
၃၂။ မျက်ခုံးချီပြတာ၊
၃၃။ မျက်စပစ်တာ၊
၃၄။ နှုတ်ခမ်းကိုက်ပြတာ၊
၃၅။ လျှာထုတ်ပြတာ၊
၃၆။ ထဘီကိုကျွတ်ဟန်ပြုတာ၊
၃၇။ ထဘီကိုလျှော့ရဲဟန်ပြုတာ၊
၃၈။ ခါးကိုလှုပ်ပြတာ၊
၃၉။ ဆံပင်ကိုရှုပ်ပြတာ၊
၄၀။ ဆံထုံးကိုဖြေတာ ဖြစ်တယ်။

ယခုခေတ် မာယာတွေကတော့ လေးဆယ်မကအေးကြွယ်ဝနေပါပြီ။ နှုတ်ခမ်းမှာဆေးဆိုး၊ မျက်လုံး မျက်ခုံးမှာဆေးဆိုး၊ ရင်သားဖွင့်တဲ့ လယ်ဝိုက်ဝတ်၊ ပြီးတော့ ထဘီတို့ မာယာမျိုးတွေပါ ပေါင်းထည့်လိုက်ရင် မာယာလေးဆယ်မကတော့ပါဘူး။ မာယာများစွာ ဖြစ်သွားခဲ့ပြီလေ။

www.burmeseclassic.com

www.burmeseclassic.com

# ကာမေသုကံရဲ့ အပြစ်ဒဏ် (၁၄)ချက်

သူများခင်ပွန်းသည်လင်ကို ပြစ်မှားကျူးလွန်ရင် အဲသည် မိန်းမဟာ အပြစ်ဒဏ် (၁၄)ချက်ကို ခံရမှာမလွဲဘူး။ မယားငယ်ဘဝဟာ သိပ်ဆိုးတယ်။ ဘယ်လိုပဲ ဝတ်ရဝတ်ရ ဘယ်လိုပဲ ကောင်းကောင်းစားရ နာမည်ကမလှဘူး။ ခေါ်ကြတာက "လင်ခိုးမ"တဲ့။

ခေတ်စကားပဲ၊ လှပအောင်ခေါ်တဲ့ "မယားပြိုင်"လို့ ခေါ်တဲ့သူက နည်းတယ်။

သူများရဲ့ ခင်ပွန်းလင်ကို ယူခြင်းဟာ မယားကြီးကိုသာမက ကလေးတွေကိုပါ ဒုက္ခပေးတာနဲ့တူတယ်။ ဒါတင်မကဘဲ ကိုယ့်မိဘ ဆွေမျိုးမောင်ဘွား၊ အစ်ကိုတွေပါ သိက္ခာကျ အရှက်ရတယ်။



မိန်းမကောင်းတွေဟာ သတ္တိရှိစွာနဲ့ လင်အသစ်ကော်စက်ကို ယူကြပါတယ်။ သူများလင်ကို မခိုးကြဘူး။ ကိုယ်ကပဲပြန်ရှာကျွေးရကျွေးရ ရဲရဲရင့်ရင့် ယူကြတာပဲ။ ယူပြီးလည်းနောင်တ ရမနေဘူး။ အဲဒါ မိန်းမကောင်း အင်္ဂါပါပဲ။ "မိန်းမကောင်းပန်းပန် တစ်ပွင့်ပန်" ဆိုသလို မကောင်းလို့ကွဲတော့ နောက်အိမ်ထောင် မထူကြတော့တာ တွေ့ရတယ်။

"မိန်းမကောင်း တစ်ယောက်ဖြစ်ဖို့ဟာ ယောက်ျားကောင်း တစ်ယောက် ဖြစ်ဖို့ထက်တောင် ပိုခဲယဉ်းပါတယ်"လို့ အင်္ဂလိပ်ကိုရှား ဆရာဝန်မကြီး တစ်ဦးက ဆိုခဲ့ပါတယ်။

သူများခင်ပွန်းသည်လင်ကို ခိုးယူပေါင်းသင်းကြတာဟာ လောကမှာ အရုပ်ဆိုး အကျည်းတန်လှတယ်။

ပတ်ဝန်းကျင်ဟာ အဲသည်ကိစ္စမျိုးကို ရှုတ်ချရုံသာမက လုံးဝ လက်မခံချင်ကြဘူး။ မတတ်သာလို့ လက်ခံရလည်း မနှစ်မြို့ကြဘူး။

ယူသူတွေမှာလည်း အပြစ်မလွတ်ပါဘူး။ မလွတ်တဲ့ အပြစ် ၁၄ ချက်ကတော့—

၁။ ရန်သူနဲ့တွေ့ရတာ၊

၂။ လူအများ မုန်းတီးတာ၊

၃။ စား၊ ဝတ်၊ အိပ်ရာ ခက်ခဲတာ၊

၄။ အမျက်ဒေါသကြီးတာ၊

www.burmeseclassic.com

www.burmeseclassic.com



၅။ သူတစ်ပါး ယုံကြည်မှုကင်းမဲ့တာ၊
၆။ လောကုတ္တရာတရား မရရှိနိုင်တာ၊
၇။ စည်းစိမ်ဥစ္စာ ပျက်စီးတာ၊
၈။ ဆင်းရဲကြီးစွာ တွေ့ရတာ၊
၉။ အသက်တိုတာ၊
၁၀။ ချစ်သူနဲ့ ကွေကင်းရတာ၊
၁၁။ တွေဝေတတ်တာ၊
၁၂။ ယုံမှားသံသယများတာ၊
၁၃။ ဘေးအန္တရာယ်များတာ၊
၁၄။ အပါယ်လေးဘုံမှာ ဖြစ်ရတာပါပဲ။

(ယောကျ်ားဆိုရင်တော့ သူများဇနီးကို ခိုးယူရင် မိန်းမပဏ္ဍုက် ဖြစ်တာ တစ်ခုပိုပါတယ်။)

*****

## မိန်းမစကားပုံ

ကညာဖြူရွှ၊ ဣတ္ထိယ။
ရုပ်ကောင်းလျက် ဆံထုံးဖျက်။
ငါ့သမီး လိမ္မာလုတယ် ချိုးမွှမ်းခါမှ
ယောက်မမြင်းစီးထွက်။
နတ်သမီး ကလက်တော်ပြည်ပျက်။
သမီးတစ်ကောင်၊ နွားတစ်ထောင်။
ငါးမှာ ငါးသလောက်၊ မယားမှာ ဆံတောက်။
ဣတ္ထိဝက်၊ နဒီဝက်။
မိဘစကား နွားမထောင်
သားတစ်ကောင်နှင့် တို့လို့တွဲလွဲ။
မုဆိုးမအိမ်ကမား၊ သွေးအားမရှိ တုံးတိတိ။

www.burmeseclassic.com

www.burmeseclassic.com



မယ်တစ်ရွာ မောင်တစ်မြို့။
မောင်ကောင်းစားတော့ နှမ မီးဖိုချောင်။
နှမကောင်းစားတော့ မောင် အိမ်ဦးခန်း။
မိန်းမကြိုက်တော့ မျှော်လိုက်ခါ။
ယောကျ်ားကြိုက်တော့ စိုက်စိုက်လာ။
မိန်းမတို့ကျွန်ခြေ၊ ရွှေပေးလို့မရ။
ယောကျ်ားတို့ဘုန်း လက်ရုံး။
မိန်းမတို့ဘုန်း ဆံထုံး။
ယောကျ်ားပျင်း ကျောခင်း၊
မိန်းမပျင်း ခြေဆင်း။
မိန်းမလှပန်းပန်၊ တစ်ပွင့်တန်။
မိန်းမအလိုလိုက်၊ အမိုက် အဖတ်တင်။
မိန်းမမာယာ သဲကိုးဖြာ။
မိန်းမဖျက် ပြည်ပျက်။
မြင်းအုန်းခွဲ၊ ကျွန်ကုလား၊ မယားတောသူ။
ယောကျ်ားကောင်း မောင်းမတစ်ထောင်။
ရည်းစားတစ်ထောင်၊ လင်ကောင်တစ်ယောက်။
ရည်းစားဦးကို မြေဦးရတောင် မမေ့။
ရေရှိမှ ငါးရှိ၊ လင်ရှိမှ သားရှိ။
လင်ဆိုးမယားတဖားဖား၊ သားဆိုးအမေ တပေပေ



လင်ကွာ တ,သသ၊ လင်သေတ,တတ၊ လင်ရ တ,ပြပြ။
လင်စံရွေး လင်ခွေးနဲ့ညား။
သားသေ လင်ဆုံး၊ ကုန်ရှုံး ကြွေးတင်။
လိုအင်မရ မယ်သီလ။
သုံးကျော့ပြောင်းသောရှင်၊
သုံးလင်ပြောင်းသောမိန်းမ၊ ဘယ်တော့မှမကောင်း။
အကန်းမယား၊ သနပ်ခါးမလို။
ထမင်းသာ စေစားမည်၊ လင်ကိုဝေမယူနိုင်။
တံခွန်မရှိသောရထား မတင့်တယ်သလို၊
လင်မရှိသော မယားလည်း မတင့်တယ်။
တစ်သားမွေး၊ တစ်သွေးလှ။
တစ်ပင်လဲမှ တစ်ပင်ထူ၊
တစ်လင်မကောင်းတစ်လင်ပြောင်း။
တစ်ခုလပ်ရှာ တစ်လင်ကွာတွေ့။
လှတစ်မျက်နှာ ယဉ်တစ်ကိုယ်လုံး။
သမီးကညာ ရွယ်ရောက်လာ အခါမလင့်သာ။
သူ့သမီးမရခင်၊ သူ့အမေကို ဖျာလိပ် ထိပ်ပေါ်တင်။
သူ့သမီးရတော့၊ သူ့အမေကို ဖျာလိုခင်း၊ ရင်ဘတ်နင်း။
သမီးပေးမှ သားမက်ရ။
ထိမ်းမှာခရိုင်အချုပ်၊ သမီးမှာ မိဘအချုပ်။

www.burmeseclassic.com

www.burmeseclassic.com



ထားရာတွင် မယားခက်၊ စားစရာတွင် အသားဖက်။
ထားစရာတွင် မယားခက်၍ပြောင်း၊
စားစရာတွင် အသားဖက်မှကောင်း။
ထင်ပေါ်ရင် စင်တော်ကောက်လိမ့်မည်။
ထင်ပေါ်ချင် ဘုရင်ကတော်လုပ်။
တောင်းဆိုးပလုံးဆိုးသာ ပစ်ရိုးထုံးစံရှိသည်။
သမီးဆိုး သားဆိုး ပစ်ရိုးထုံးစံမရှိ။
တစ်ရွာသား ရည်းစားလုပ်တော့ လွမ်းရသည်။
တစ်လင်နေလည်းမွေးနဲ့၊ တစ်လင်နေလည်း ကြွေးနဲ့။
တစ်ခါရလည်း၊ ငါ့သမီးမယ်ဒွေး ဈေးတင်ဖို့။
ညီအစ်မ မျှတ၊ သမီးယောက်မ တုပ။
ညားတိုင်း မချစ်၊ ချစ်တိုင်း မညား။
တစ်ချိုကွယ် တစ်မယ်မေ့၊ တွေ့သေအောင်လွမ်း။
ဒေါင်းမနှင့်တွေ့၊ ဒေါင်းမင်းပင် ညွတ်ကွင်းမိရသေး။
ပရိယာယ်တစ်ထောင်၊ မာယာတစ်သိန်း၊
အပွလိန်း အနန္တ။
နကိုရှိမှ နဂိုင်းထွက်၊ နဂိုယဉ်ကလေးမို့ ပြင်ဖို့မလို။
နှမလိုချင် မောင်ကိုပေါင်း။
နှမများလျှင် မောင်ချည်ခင်စွပ်။
နှမလင်နေ မောင်ဖင်ကျိန်း။



နှမကို မောင်ကြောင့်ကြ။
နှမထိလျှင် မချိအောင်နာ။
နှမကြင်သာရှိ မောင်ကြင်မရှိ။
ပညာကိုလိုသော် ရပ်ရွာကိုစွန့်၊
ဥစ္စာကိုလိုသော် သားမယားကိုစွန့်။
ပုခက်လွှဲသောလက်သည် ကမ္ဘာကို အုပ်စိုးနိုင်သည်။
ပဝါပါး ကြက်သားထုပ်တော့ စွန်းတွတ်၊
တစ်ရွာသား ရည်းစားလုပ်တော့ လွမ်းရ။
ပုစွန်ဆိတ်ကလေး ငယ်သော်လည်း ပင်လယ်ကူးတတ်။
ဖက်ပေါ်ဆူးကျလည်း ဖက်ပေါက်၊
ဆူးပေါ်ဖက်ကျလည်း ဖက်ပေါက်။
ဘူးကောင်းတော့ စင်ခံ၊ လင်ကောင်းမှစံရ။
ဗိုင်းကောင်းကျောက်ဖိ သမီးတန်ဖိုးရှိ။
မ,ဘက်လိုက်တော့၊ မိုက်ဘက်ပါ။
မ,ကိုခင်မှ ဥကိုခင်။
မယားထိ စားကြည့်။
မယားနှင့်နွား မသနားနှင့်။
မယားတိန်ညင် လင်မှဆိုး။
မယားမကောင်းလျှင် ကျွန်ပြော။
မယားပါသား နောက်လိုက်ခေါ်။

www.burmeseclassic.com

www.burmeseclassic.com



မ,တစ်ထောင် တစ်ကောင်ဘွား။
မယားနေစ ကြောင်သေမှ။
ကံဆိုးမသွားရာ၊ မိုးလိုက်လို့ရွာ။
ကုန်ရှုံးတော့ တစ်ခေါက်၊
လင်ကုန်ရှုံးတော့ တစ်သက်လုံးမှောက်။
ကင်းမကောင်းတော့ လှေသားအပြစ်ဆို၊
မယားမကောင်းတော့ ကျွန်ကိုအပြစ်ဆို။
ကျေးဇူးမတင် လင်မရ။
ကြက်မ အိမ်လည်တော့ မျှားပါသည်။
မိန်းမ အိမ်လည်တော့ စကားပါသည်။
ကြက်မတွန်လို့ မိုးမလင်း၊
ကြက်ဖတွန်မှ မိုးလင်းသည်။
ချိုတယ် လူနွားဖယ်မိမှား၊ မယားအိမ်နေစင်းစင်းသေ။
ခယ်မကို ခဲအိုကြဲ မိုးကမမှန်။
ငါ့မယ့်၊ ငါ့မယားမေး။
မင်းကတော် ကျွန်ပုံပေါက်၊ ခွေးလောက်မှမကောင်း။
မုဆိုးမအိမ်ထောင် ခွေးမဟောင်။
မိန်းမပုခက်တွင်း ယောကျ်ားပဋ္ဌင်း။
မိန်းမကိုမကောင်းထင် ဆောင်းဝင်တော့သိ။
မိန်းမမီးနေ ယောကျ်ားဖောင်စီး။



မိန်းမချင်းပေါင်တင်။
မိန်းမဆိုရင် ခြေမလက်မတောင် ပယ်ချင်။
မယားမရှိဘဲနှင့် တင်းတိမ်တွာကာကာ။
မယားများလျှင် မုသားပြောသည်။
မယားမညီလျှင် ဧည့်မလှ။
မယားဆိုးလင် တငင်ငင်။
မအောင်မြင်နိုင်တဲ့ကိစ္စ၊ မိန်းမကို အကူအညီတောင်း။
မပျိုဘဲနှင့်လှ၊ မအိုဘဲနှင့်ကျ။
လင်ဆိုးမယား တဖားဖား၊ သားဆိုးအမေ တပေပေ။
လင်နှင့်မယား လျှာနှင့်သွား။
ဓမ္မာသောက အင်းဝရာဇာ အိမ်ထောင်ဘက်မရွေးရာ။
ဓမ္မသောက အင်းဝရာဇာ၊
အိမ်ထောင်ဘက် အသက်မရှည်ရာ။
ဓနီးမှာထောင့်ငါးရာ ကိလေသာအချစ်၊
မိဘမှာ မေတ္တာစစ် ငါးရာနှစ်ဆယ့်ရှစ်။
ဓနီးလိမ္မာ ဥစ္စာမဖြုန်း။
ဓနီးကောင်းလျှင် စီးပွားတက်၊
ဓနီးမကောင်းလျှင် အပေါင်းအသင်းပျက်။
ဆန်ပေးမှ ဆေးရ၊ သမီးပေးမှ သားမက်ရ။

www.burmeseclassic.com

www.burmeseclassic.com



သမီးရှင်မှန်သမျှ--
ဆင်စီး၍ မြင်းရံသည်ကိုသာ မြင်ချင်သည်။
ဆံတစ်ပင်တင်း၊ ချစ်ခြင်းမယား။
စားစရာတွင် အသားကဖျက်၊
ထားစရာတွင် မယားကခက်။
ယောသကစာခွေ၊ မယားကြောင့် အသက်ရှည်။
ကွာပဲ့--ကွာပဲ့ဆိုတော့ သူများက၊
လွမ်းရတော့ ကိုယ်က။
စပါးကို စကုဗျပ်နဲ့လဲ၊ မယားဆို တစ်ခုလပ်မို့ဖွဲ။
စံပယ်ကောင်းလျှင် ပန်ချင်သူများသည်၊
အရွယ်ကောင်းလျှင် ကြံချင်သူများသည်။
စံပယ်ကြူလျှင် ပန်ချင်သူကောက်မြဲ၊
အရွယ်တူလျှင် ကြံချင်သူရောက်မြဲ။
စံပယ်ကောင်းလျှင် တစ်ပွင့်၊
အရွယ်ကောင်းလျှင် အသင့်။
စံပယ်ပန်လျှင် သီကုံး၊ အရွယ်တန်လျှင် ကြည့်ဦး။
အိမ်ထောင်ပြု၊ ဘုရားတည်၊ ဆေးမင်ရည်စုတ်ထိုး။
အိမ်ထောင်ရေးသည် လောကငရဲလေး ဖြစ်သည်။
အဆင်းထက် အချင်း၊ အချင်းကို ဦးစားပေး။
ဖနိုးကောင်းသည် တန်ဖိုးမဖြတ်နိုင်။



ကျွန်နှင့်မယား မသနားနှင့်။
ဥစ္စာပေါရုပ်ချော၊ အလိမ္မာအိမ်ပါ အမေနှင့်တည့်မှ။
မှန်ကြိုက်သောမိန်းမသည် ဒယ်အိုးကို မှန်းသည်။
ယောကျ်ားအသက် ခံစားခြင်းနှင့်တွက်၊
မိန်းမအသက် အရွယ်တင်ခြင်းနှင့်တွက်။
အသက်ငယ်က ယောကျ်ားပျူ အညွန့်မလူ။
မဆင်မခြင်အိမ်ထောင်ကျ၊ နောင်မှ ပြင်မရ။
တစ်ခါအိမ်ထောင်ကျ ပြင်၍မရ။
သတ္တိမပြသူ မိန်းမလှမရ။
မိန်းမတစ်ယောက်၏အင်အားသည် လျှာမှာရှိ။
ဖနိုးကောင်းသည် မြတ်သောဆုဖြစ်သည်။
ယောကျ်ားကို မျက်လုံးထက် နားဖြင့်ရွေး။
မိန်းမသည် အိမ်၏သော့ချက်ပင် ဖြစ်လေသည်။
ဆပ်ပြာသည် လင်ပျောက်သလို။
မိအေးနှစ်ခါနာ။
သျှောင်နောက်ဆုံးထုံးပါ။
ယောကျ်ားဝါဆို၊ မိန်းမ ပြာသို။
ယောကျ်ားဖောင်စီး၊ မိန်းမ မီးနေ။
သူများပြောတစ်လ၊ သူ့မယားပြော တစ်ည။
သမီးအနှချစ်၊ မြေးအနှစ်။

www.burmeseclassic.com

www.burmeseclassic.com



အိုင်တွေ့ခြေဆေးသူဆို ဝေးဝေးပြေး။
အသွင်မတူ အိမ်သူမဖြစ်။
အိမ်ထောင်ကျလျှင် အိပ်ထောင့်တာဝန်ကို ထမ်းရမှာ
သေချာသည်။
အပြစ်ကြီးလာလျှင် လင်နှင့်မယားအချစ်ကငယ်သွား၏။
မမီတဲ့ပန်း တုံးခုမလှမ်းနှင့်။
မိန်းမလွှမ်းမိုးသောအိမ် သာယာမှုကင်းသည်။
မြေဝယ်လျှင် သွက်မှု၊ မယားယူလျှင် ခက်မှု။
ချောမောသည့်မိန်းမများ အပျိုကြီး မဖြစ်နိုင်။
မယားမကောင်းတော့ လင်ခေါင်းပေါ်ကျ။
မိန်းမ၏အလှအပသည် သုခထက် ဒုက္ခပိုသည်။
မိန်းမများ စကားပြောရင် ရှေပက်မဝင် ပြောသည်။
မိန်းမဟူသည် ငိုလွယ် ရယ်လွယ် သဘောလွယ်၏။
မ,တစ်ရာသား ထိန်းရာ၌ လက်ထက် မျက်စိအလုပ်ပို။
ထန်းလည်ဆစ်ကျိုး လေပိုးထိုး။
မိန်းမဆိုးမြင်းကပ်၊ ကြဉ်ရှောင်အပ်။
ချွေးမသည် ယောက္ခမကို သရဲထက်ကြောက်၏။
ကြာကြာချစ်ချင်လျှင် စောစော အိမ်ထောင်ပြု။
ကိုယ့်သမီးတော့ ရှင်မွန်လှပါပဲ။

****

# မိန်းမ သဘောတရား

"မိမိကိုယ်ကို ထိန်းချုပ်နိုင်ခြင်း အမှုအား ရတနာ ဘစ်ပါးကဲ့သို့ စောင့်ရှောက်ပါ။ အဲသည်ထက် ကြီးမားတဲ့ ကောင်းမှုဟာ မိန်းကလေးတို့မှာ မရှိတော့ဘူး"

"မိန်းမတို့၏ ဂုဏ်သိက္ခာကို တည်တံ့လိုသူတွေဟာ ဂုဏ်ပျက်ဖွယ်ကိစ္စများကို နာမည်ကြီးမယ် ပိုက်ဆံရမယ်ဆိုတာ ဆောင် မပြုလုပ်ရဘူး"

"မိန်းမတို့တွင် စိတ်မာတ်နဲ့ ကိုယ်ကျင့်တရား ခင်ကြယ်တာက ပထမ ထင်ရှားချက်ပဲ"

"မိမိကိုယ်ကို ထိန်းသိမ်း စောင့်ရှောက်နိုင်ခြင်းထက် မိန်းမ တစ်ယောက်ရဲ့ လုံခြုံမှုကို ဘယ်သို့သော သော့ခလောက် နဲ့ အရံအတားတွေကမျှ မတတ်နိုင်ဘူး"

www.burmeseclassic.com

www.burmeseclassic.com



"အချို့သော မိန်းမတို့သည် ပုပင်ကျောင့်ကြခြင်းရဲ့ အကျိုးမဲ့ခြင်းသဘောကို နားမလည်ကြ၊ တရားနှင့် ဖြေရကောင်း မှန်းလည်း မသိ၊ ယောကျ်ားများထက် ပိုပူပင်ကြပြီး သေသည် တိုင်ထိ ပူပင်သောက ကြီးထွားကြသည်"

"မိန်းကလေးဆိုတာ အနေတတ်မှ တန်ဖိုးရှိတယ်၊ အနေမတတ်ရင် စိန်စီမြထပ် ရတနာမျိုးစုံ လည်မှာတပ်ထား ဖေမယ့် အလကားပဲ၊ အလှမပေါ်ပါဘူး"

"မိဘကြောင့် တိုက်ကြီးပေါ်နေ သိန်းကျော်ကားကြီး တွေ စီးရပြီး ပေါ့ပေါ့ဆဆနေတဲ့ မိန်းမပျိုဟာ အထက်တန်း မဟုတ်ဘဲ အောက်တန်းကျတယ်"

*****

"မိန်းမအတွက် သင်ကိုယ်တိုင် လုပ်ထားတာကို မိန်းမတွေက မမြင်တတ်ကြဘူး။ လုပ်မပေးရသေးတာကိုပဲ မြင်နေတတ်ကြတယ်"

(ဂျော့ကုတ်လိုင်း)

"မာနထောင်လွှားတဲ့ မိန်းမဟာ အရှက်တကွဲ ဖြစ်တတ်တယ်၊ စိတ်နှိမ့်ချတဲ့ မိန်းမက ပညာတတ်ဖြစ်တယ်"

(+ + +)



"ကျွန်ုပ်ဇနီးရဲ့ မြင့်မြတ်တဲ့ အပြုအမူကြောင့် ကျွန်ုပ်ဟာ ကျေးဇူးကြွေးမြီ တင်ရှိနေပါတယ်"

(နေရှုး)

"ကျွန်ုပ်ရဲ့ အောင်မြင်ခြင်းတွေမှာ ကျွန်ုပ်ရဲ့ မိန်းမရဲ့ အထောက်အပံ့ တစ်ဝက်ပါတယ်"

"မိန်းမကအမဲ
ယောကျ်ားက မုဆိုး"

(လော့ကင်နိဝင်)

"မိန်းမမျက်ရည်ဟာ အသံမထွက်တဲ့ ဟောပြော ချက်ပဲ"

(ဖလက်ဖျာအင်ပိုးမွန်)

"မိန်းမတွေရဲ့ အချစ်ရှိရာ သွားရာ လမ်းများထဲ မှာ သနားကြင်နာမှုတည်းဟူတဲ့ လမ်းဟာ အဖြောင့်တန်းဆုံး ပဲ"

(ဗြူမောင်)

"မိန်းမတွေနဲ့ ပတ်သက်လာရင် ပညာအရှိဆုံး ဆိုသူတွေတောင် မိမိကိုယ်ကို အရူးအဖြစ်ခံကြတယ်၊ ယောကျ်ား တွေနဲ့ ပတ်သက်လာရင်တော့ အမိုက်မဲဆုံး မိန်းမတွေတောင် အသိဉာဏ် မမဲ့ကြဘူး"

(သိအိုဒိုလိုက်)

www.burmeseclassic.com

www.burmeseclassic.com



"ကလေး တစ်ယောက် စာရိတ္တ ကောင်းလာမယ် မကောင်းလာဘူးဆိုတာ မိခင်အပေါ်မှာ ဘည်တယ်"

(နပိုလီယန်)

"မိန်းမပေါ့တစ်ဦးဟာ ခင်ပွန်းသည်ကို ဝန်တာလေး စေပါတယ်"

(ရှိတ်စပီးယား)

"မိန်းမ တစ်ယောက်ဟာ လောကရဲ့ လူ့ဘဝနဲ့ အလုပ်တာရားကို သိရှိနားလည်လို့ရှိရင် လင်ကို လုပ်ကျွေးပြီး ပျော်ရွှင်စေရမယ်"

(ဖရက်ဒရိကာဖရီးမာရီ)

"လောကရှိ ကောင်းမြတ်တဲ့ အရာတွေထဲမှာ အကောင်းဆုံးတွေထဲမှာ ဇနီး မိန်းမကောင်းလည်း ပါတယ်"

(ဆဲင်နီမိုက်)

"မိန်းမတို့သည် မိမိတို့ မျက်လုံး၏ အစွမ်းဖြင့် ပစ်သူရဲကောင်းကြီးများကို ဒူးထောက်လာအောင် ပြုနိုင်စွမ်း ကြသည်"

(ဒေါက်တာ ဂျေ၊ ဗီ၊ စီ စမစ်)

"မျက်လုံးတို့သည် အပျိုမတို့၏ အသည်းနှလုံး ပြတင်းပေါက်များ ဖြစ်သည်၊ သင်သည် ထိုလမ်းမှ ဝင်ရာ၏"

(ယှူဂျင်းဆူး)



"မိန်းမတို့၏ ဝိညာဉ်သည် ချစ်ခြင်းမေတ္တာဖြင့် မွေ့လျော်သည်"

(မစ္စစ် ဆိဂါနီ)

"မိန်းမတို့၏ အကြည့်များသည် သူတို့နှုတ်မှ ထွက်ရဲသော စကားများကို ပြောကြသည်"

(အယ်လ်ဖုန်းဆိုကား)

"မိန်းမတို့၏ သဘာဝကို ယောကျ်ားသည် တဖြည်းဖြည်း အသက်ကြီးပြင်းလာမှသာ သိနားလည်လာကြသည်"

(သက္ကရေး)

"မိန်းမသည် ကျူပြင်နှင့်တူ၏၊ ကျူပြင်သည် လေပြည်လေညင်း တိုက်ခတ်ရုံနှင့် ယိမ်းနွဲ့တတ်၏။ သို့သော် မုန်တိုင်းတိုက်သော်မှ မကျိုးပြတ်ချေ"

(ဂိုတ်တလီ)

"ယောကျ်ား တစ်ယောက်ရဲ့ အချစ်ဟာ သူ့ဘဝရဲ့ အစိတ်အပိုင်း တစ်ခုပဲ၊ မိန်းမရဲ့ အချစ်ကတော့ သူ့ဘဝ တစ်လျှောက်လုံးအတွက် ဖြစ်တယ်"

(ဘိုင်ရွန်)

"ယောကျ်ားများသည် ဘဝ၏ အကြောင်းကို စောစောသိကြသည်၊ မိန်းမတို့မှာ နှောင်းမှသာ သိကြလေသည်"

(အော်စကာဝိုင်းလ်)

www.burmeseclassic.com

www.burmeseclassic.com



"မိန်းမတစ်ယောက်ရဲ့ အချစ်ကိုရဖို့ ဦးတည်နေတဲ့ လမ်းများအနက် သနားကြင်နာခြင်းဆိုတဲ့ လမ်းက အဖြောင့်တန်းဆုံးပါပဲ"

(ဗော့မောင့်)

"အိမ်သည် မိန်းမပျို၏ အကျဉ်းထောင်ဖြစ်၍ အိမ်ရှင်မ၏ အလုပ်စခန်း ဖြစ်သည်"

(ဘားနဒ်ရှော)

"မိန်းမတစ်ယောက်ဟာ ယောကျ်ားတစ်ထောင်ထက် ပိုပြီး စွမ်းအားရှိတယ်"

(ဂျိုးအင်ဒန်ဘွန်ဒယ်)

"ယောကျ်ားက အားငယ်တယ်၊ မိန်းမက စိတ်ခိုင်မာတယ်"

(အိုင်ဘင်တာဂျန့်ဖ်)

"မိန်းမတွေဟာ လူသား အစဉ်အဆက်ရဲ့ ရှေးဦးပထမ ပညာပေးသူများပါပဲ"

(သီရိဒိုဘွန်ဟာစ်ပတ်)

"စကားကောင်းပါတယ်၊ အလွန်ပဲကောင်းမြတ်ပါတယ်၊ မိန်းမတစ်ယောက်ရဲ့ ပြောစကားမဟုတ်ရင် ကောင်းတာချည်းပါပဲ"

(ချားဒစ်ကင်း)



"ပျက်စီးလွယ်တယ်၊ စိတ်ခါတော် ပျော့ညံ့တယ်ဆိုတဲ့ [illegible]ရဲ့ တိကျတဲ့ အဓိပ္ပာယ်ဖွင့်ဆိုချက်ကို ရှာဖွေရင် မိန်းမဆိုတဲ့ [illegible]ညီကို တွေ့မှာပဲ"

(ရှိတ်စပီးယား)

"မိန်းမတို့ရဲ့ အသည်းနှလုံးဟာ စဉ်းစားတတ်ကြ[illegible]တယ်။ အဲဒါကြောင့် ဘယ်အရာမဆို ပြုတိုင်းမှာ သုံးပုံနှစ်ပုံ [illegible]သွင်းပြီး ဒုက္ခရောက်ကြတယ်"

(ဘားလ်ဝါး)

"ကိုယ့်မိန်းမကို ကိုယ်သိသမျှ အကုန်အစင် [illegible]တတ်သူကား အသိအမြင် ခေါင်းပါးသူသာ ဖြစ်ပေသည်"

(သောမတ်ဖူလာ)

"အချစ်သည် မိန်းမတို့၏ ပါရမီဖြစ်သည်"

(မေဒမ်ဒူဒန့်)

"မိန်းမတွေအတွက် အလုပ်က မြန်မြန်အိမ်ထောင်[illegible] ယောကျ်ားတွေ အလုပ်က တတ်နိုင်သမျှ အိမ်ထောင်[illegible]ဘဲနေဖို့"

(ဘားနတ်ရှော)

"မိန်းမဆိုတာ ချစ်ရင်ချစ်တယ်၊ မချစ်ရင်မုန်းတယ်။ [illegible]မှာ မချစ်မမုန်း မရှိဘူး"

(ဆိုင်းရပ်)

www.burmeseclassic.com

www.burmeseclassic.com

"ဇနီးမယားဟာ လူငယ်များအတွက် အိမ်ရှင်မများ ဖြစ်ကြတယ်၊ လူလတ်များအတွက် အဖော်မွန် ဖြစ်တယ် အသက်ကြီးသူတွေအတွက်တော့ သူနာပြုတွေပါပဲ"

(ဘေကွန်)

"မိန်းမတို့၏ ဘ၀ကား သူတို့ချစ်ခင်သော ယောကျ်ားများ အတွက် သာယာခြင်း၊ ချစ်ခင်ခြင်းနှင့် ဒုက္ခ ခံစားခြင်းတို့သာ ဖြစ်၏။"

(ဘော်လ်ဇတ်)

"လူ့ယဉ်ကျေးမှုကို ချိန်ဆနိုင်ဖို့ မိန်းမတို့ကို ခန့်မှန်းရန်လိုတယ်"

(ကားတစ်စ်)

"အိမ်ထောင်ပြုတော့မည်ဆိုလျှင် မိန်းမကောင်း တစ်ဦး၏ သမီးကိုသာ ရွေးချယ်ပါ"

(ဖူးလား)

"မိန်းမသည် ယောကျ်ားထက် အချစ်ပိုသည်၊ မပိုသည်ကို မဆုံးဖြတ်နိုင်၊ သို့သော် ချစ်ရာတွင် မိန်းမက ပိုသည်ကိုမူကား မငြင်းနိုင်"

(ဒူမေ)

"ဆေးခြယ်ထားသော မိန်းမနှင့် သဘာ၀အတိုင်း လှနေသော မိန်းမဟူ၍ နှစ်မျိုးနှစ်စားရှိတယ်"

(အော်စကာ ဝိုင်းလ်)



"ဇနီးမိန်းမကောင်း တစ်ဦးရ,ထားရင် ဆင်းရဲ ပေမယ့် အရေးမကြီးဘူး၊ ဇနီးကောင်း မရှိတော့ ချမ်းသာ ပေမယ့် အလကားပဲ"

(------)

"မိန်းမတွေ မိုက်ကန်းတယ်ဆိုတာ မငြင်းဆန်လိုပါ ဘူး၊ ဘုရားသခင်ကလည်း မိန်းမတွေကို ယောကျ်ားတွေနဲ့ လိုက်ဖက်ညီဖို့ ဖန်တီးခဲ့တာပဲ"

(ဂျော့အဲလစ်)

"မိန်းမတစ်ဦးရဲ့ စိတ်သဘောဟာ အစွန်းနှစ်ဖက် ကြားမှာ တည်တယ်၊ အဲဒါက ချစ်ချင်းမေတ္တာနဲ့ ကလဲ့စား ချေခြင်းရယ်ပါ"

(လော့ဘိုဂါ)

"မိန်းမတစ်ယောက်က ချစ်တယ်ပြောပြော၊ မုန်း တယ်ပဲဆိုဆို ချစ်ပါရစေလို့ အပြောခံရတာကိုတော့ အမြဲလိုလား နှစ်သက်နေတာပဲ"

(အိုဘစ်)

"မိန်းကလေးက ပြောလို့ ယောကျ်ားတွေ ချစ်တာမှ မဟုတ်တာဘဲ၊ မိန်းကလေးကို ချစ်လို့သာ မိန်းကလေးပြောတဲ့ စကားကို နှစ်သက်တာ"

(အင်ဒရီမော်ရို)

www.burmeseclassic.com

www.burmeseclassic.com

"လူဆိုးက ငွေကိုတောင်းမရမှ အသက်ကို တောင်းတတ်တယ်၊ မိန်းမတွေကတော့ ငွေရော အသက်ရော တောင်းတယ်"

(ဆင်မြူရယ်ဘတ်တလာ)

"မိန်းမတစ်ယောက်ရဲ့ အလုပ်ဆိုတာ အိမ်မှာနေ ရမယ်၊ စကားများများ မပြောဘဲ ဆိတ်ဆိတ်နေရမယ်"

(ပလူတ)

"နိဗ္ဗာန်သွားရမယ့်လမ်းမှာ မိန်းမဟာ အန္တရာယ် ပါပဲ"

(ပေါကလော့ဒယ်)

"မိန်းမဆိုတာ အမြဲပြောင်းလဲနေတယ်၊ စိတ် မတည်ငြိမ်တတ်ကြဘူး"

(ဘာဂျီ)

"မိမိသားရဲ့ ကောင်းမွန်တဲ့ ကံကြမ္မာကို ပီတိဖြစ်နေ တဲ့ မိခင်လောက် ပျော်ရွှင်နေတဲ့လူ လောကမှာ မရှိ"

(ဂျင်းပေါ့ရစ်ချကာ)

"လူရဲ့ အနာဂတ်ဟာ မိန်းမရဲ့ ရင်ခွင်မှာပါ၊ လောကကြီး ဆုံးရှုံးတာကို ကယ်နိုင်ဖို့ မိန်းမတွေသာ ရှိတယ်"

(ဘိုးဖို့ကိ)



"မိန်းမတို့ရဲ့ ဦးဆံ ဆင်ယင်ထုံးဖွဲ့မှုလောက် အပြောင်းအလဲမြန်တာ သဘာဝမှာတောင် မရှိဘူးထင်တယ်"

(ဂျိုးဆက်အက်ဘီတင်)

"မိန်းမတွေရဲ့ သဘာဝကို ယောကျ်ားတွေဟာ ဖြည်းဖြည်း အသက်ကြီးလာမှ သိနားလည်ကြရတယ်"

(သက္ကရေး)

"လင်နဲ့မယား တစ်ရာမှာ ငါးဆယ်၊ စိတ်မချမ်း သာ ဖြစ်ရတာက တစ်ဦးကို တစ်ဦး ဆူပူကြိမ်းမောင်းနေကြ [illegible]ပဲ"

(ဒေါ်ရော်သီဒစ်)

"မိန်းမတွေ လင်နဲ့နေရတာ ပျော်တယ်ဆိုတာက အခြားမဟုတ်ဘူး၊ လင်ရဲ့ ချီးကျူးတာနဲ့ မယားအပေါ် ရွှဲ့လမ်းလဲမ်းရှိတဲ့ အရသာကို ခံစားတာပဲဖြစ်တယ်၊ လင်ရဲ့ ရွှဲ့လမ်းခြင်းနဲ့ ချီးကျူးခြင်းတွေက အစစ်အမှန်ဖြစ်ရင် လင်ဖြစ်သူ့မှာလည်း အလိုလို ချမ်းသာလာပါလိမ့်မယ်"

(ဝါနာဘတ်စတာ)

"အချစ်ကို ပြယ်အောင် အကောင်းဆုံးဆေး ဆေးနည်းက နားပူနားဆာ လုပ်တာပဲ၊ အဲသည်ဆေးကို[illegible] ဘယ်အချစ်မှ မခံနိုင်ဘူး၊ မြွေဟောက်ရဲ့ အဆိပ်က သတ္တဝါ[illegible] သတ်ဖြတ်ဖျက်ဆီးနိုင်သလို နားပူနားဆာ လုပ်[illegible]လည်း အချစ်

www.burmeseclassic.com

www.burmeseclassic.com



ဟူသမျှကို သတ်တာပါပဲ"

(ဒေးကာနယ်ဂျီ)

"မိခင်မေတ္တာဆိုတဲ့ စကားဟာ သာယာချမ်းမြေ့မှု အဝဝကို စုစည်းထားတယ်"

(ရောဘတ်မိုလာ)

"လောကမှာ ဓနီးများထက် ပိုမိုပြီး မိမိအပေါ် ကောင်းသူဟာ ဘယ်သူလဲဆိုတော့ 'မိခင်'ရယ်ပါ"

(လီယိုပိုရှက်ဖ်)

"စကားတွေ ပြောတာက မိန်းမများ၊ ပြုလုပ်တာကတော့ ယောကျ်ားများသာ"

(ဟားဗတ်)

"မာနဟာ မိန်းမရဲ့ ဘဝပဲ၊ မြှောက်ပင့်ပေးတာက ကျွန်ုပ်တို့ရဲ့ နေ့စဉ် အစားအစာ"

(ဂျော့ဟာကူယာ)

"မိန်းမတွေရဲ့ နားက အချစ် စတင်ဝင်ပေါက်ပဲ"

(ဂျာမန်စကားပုံ)

"မိခင်ကောင်း တစ်ယောက်ရဲ့ နွမ်းရည်ဟာ ဆရာပေါင်း မြောက်မြားစွာရဲ့ နွမ်းရည်နဲ့ ညီတယ်"

(စပိန်စကားပုံ)

"ကမ္ဘာလောကကြီးကို တစ်ဖက်၊ အမေကို တစ်ဖက်



ချိန်ခွင်မှာ တည့်ချိန်ပါ။ အမေဖက်က ဇောက်ထိုးကြီး သာနေမယ်"

(လော့ဒ်လင်ဒေးလ်)

"ကလေးတွေရဲ့ ကံကြမ္မာကို သူ့မိခင်သာ ပိုင်ဆိုင်တယ်"

(နပိုလီယံအိုနာ့ပတ်)

"လောကရဲ့ အနာဂတ်ဟာ ဘယ်သူ့လက်ထဲမှာ ရှိသလဲမေးရင် မိခင်တွေ လက်ထဲမှာလို့ ဖြေရမယ်"

(ဝူဝီဒီဖြူဖို)

"မိခင် စိတ်မချမ်းသာမှုကို မပြုတဲ့ သားတွေနဲ့သာ ပါ မိတ်ဆွေဖြစ်ပါရစေ"

(နပိုလီယံ)

"မိခင် မရှိတဲ့ နန်းတော်ထက် ပိုမိုကြီးကျယ်တဲ့ အဆောက်အအုံဟာ အိမ်မဟုတ်၊ မိခင် နေထိုင်တဲ့ တစ်ဘက်ရပ်ဘဲကလေးသာ နေအိမ်ဖြစ်တယ်"

(အဲဟာစ်ကောင်းသွန်းနေး)

"မိခင်တွေရဲ့ အလှအပ၊
မိခင်တွေရဲ့ စွမ်းအားသတ္တိ၊
မိခင်တွေရဲ့ အင်အားကြီးမားမှုကို ဘယ်ဘာသာ စကားကမှ ပြည့်စုံအောင် ဖော်ကျူးနိုင်မှာ မဟုတ်ဘူး"

(အက်ဒဝစ်)

www.burmeseclassic.com

www.burmeseclassic.com



"သဘာဝတရားက ချစ်ခင်မှု ပြယုဂ်အဖြစ် မိခင်တွေကို စေလွှတ်ထားတာပါ"

(အက်ဒဝင်)

"ဘုရားသခင်ဟာ နေရာတကာမှာ မရှိနိုင်၊ အဲဒါကြောင့် မိခင်တွေ ဖန်ဆင်းပေးခဲ့တယ် မဟုတ်လား"

(ရေဝတီ စကားပုံ)

"ကြီးကျယ် မြင့်မြတ်တဲ့ ပုဂ္ဂိုလ်တိုင်းဟာ ထိုကြီးကျယ်မြင့်မြတ်တဲ့ အမွေကို သူတို့မိခင်တွေထံက ရတယ်"

(ဂျူးလ်မစ်ရှေးလ်)

"အမေဆိုတာ အင်အား၊<br>
အမေဆိုတာ ဥာဏ်ပညာ၊<br>
အမေဆိုတာ မေတ္တာပင်လယ်"

(အင်ဘောလာ)

"မိခင်ကောင်း တစ်ယောက်ရဲ့ စွမ်းရည်ဟာ အရာပေါင်း မြောက်မြားစွာရဲ့ စွမ်းရည်နဲ့ ညီတယ်"

(စပိန်စကားပုံ)

"မေတ္တာတရား ခေါင်းပါး၍ အကြင်နာတရား ကင်းမဲ့သော ဤကမ္ဘာလောကကြီးမှာ စွမ်းအား အကြီးမားဆုံး အနက်ရှိုင်းဆုံးနှင့် ထာဝရ ရှင်သန်နေသော မေတ္တာကို မိခင်တွေရဲ့ နှလုံးသားမှာ အစဉ်အမြဲ တွေ့နိုင်တယ်"

(မစ္စက်ဖလက်ရှာ)

# ဘာသာတရား ကိုင်းရှိုင်းမှ မိန်းမပီသ

ဘာသာရေးဟာ အထိန်းအကွပ်ပဲ။

ကိုယ်ယုံကြည်တဲ့ ဘာသာကို ကိုယ် ကိုးကွယ်ထားတာဟာ ကိုယ့်အတွက် ပိုပြီး အထိန်းအကွပ် ရနေတာပဲ၊ ထိန်းကိုထိန်းရမယ်။

စိတ်ကို ထိန်းသိမ်းနိုင်မှုမှာ ဘာသာရေးနဲ့ ထိန်းသိမ်းမှုဟာ အကောင်းဆုံး နည်းလမ်း ဖြစ်ပါတယ်။

တရားတော်တွေအတိုင်း လိုက်နာနိုင်ရင် တရားကို ကိုယ်က စောင့်တော့ တရားက ကိုယ့်ကို ပြန်ပြီး စောင့်ပါတယ်။

မိန်းမပီသဖို့ရာမှာ ဘာသာတရား ကိုင်းရှိုင်းရင် ပိုပြီး မိန်းမ ပီသပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



သဘာဝတရားထဲမှာ မိန်းမကို အဆင့်နိမ့်ထားကြသလို ဖြစ်နေပါတယ်။ အချို့ ဆက်ဆံရေးတွေမှာလည်း မိန်းမဘဝဟာ နိမ့်ကျလှပါတယ်။

အဲသည်လိုရှိနေပြန်တော့ ဘာသာတရား ကိုင်းရှိုင်းမှသာ မိန်းမဘဝရဲ့ ဒုက္ခတွေ ခံသာမယ်။

မိန်းမတွေမှာ ယောကျ်ားတွေလို ဆုတောင်းလို့ မရတဲ့ အချက်လေးချက် ရှိကြရာတယ်။

* သမ္မာသမ္ဗုဒ္ဓဆိုတဲ့ ဘုရားဘဝအဖြစ်
* စက္ကဝတ္တိရာဇာဆိုတဲ့ စကြဝတေးမင်းအဖြစ်၊
* မဟာဗြဟ္မာဆိုတဲ့ ဗြဟ္မာမင်းကြီးအဖြစ်၊
* မာရောဆိုတဲ့ မာရ်နတ်မင်းကြီးအဖြစ်ပါပဲ။

အဲသည်ဆုတွေ မိန်းမဘဝကနေ တောင်းလို့ မရရှာပါဘူး။

အဲသည်လိုရှိလို့လည်း မီးဖွားရင် သားယောကျ်ားလေး လိုချင်သူက များကြတယ်။ အချို့ဆို ဆုတောင်းမှုများ လုပ်ကြပါတယ်။ ဘုရားဆုပန် သားယောကျ်ားကို လိုချင်ကြတယ်လေ။

ဘာသာတရား ကိုင်းရှိုင်းမှုဟာ ဘုရားကို ကိုးကွယ်မှု အမှန်ပါပဲ။ ကိုးကွယ်မှုဆိုတာ အားကျတဲ့ သဘောနဲ့ တရားတော်တွေကို စောင့်ထိန်းပြီး အန္တရာယ်ကို ကာကွယ်တဲ့



သဘောရယ်ပါ။

ဘုရားဆိုတာ ကိုးကွယ် အားထားရာ ဖြစ်တယ်။ မှီခိုလဲလျောင်း ပုန်းအောင်းရာဖြစ်တယ်။ အတိတ်၊ အနာဂတ်၊ ပစ္စုပ္ပန် ကာလသုံးပါး သိမြင်ပြီး လူသားတွေအပေါ် အကောင်းဆုံး အကြောင်းအကျိုး ညွှန်ပြခဲ့တာ ဖြစ်တယ်။ ဆင်းရဲဒုက္ခမှ ကယ်တင်တယ်။

မိန်းမတွေမှာ လိုချင်တပ်မက်မှုများတယ်၊ အဲသည်လိုမို့ ဘုရားရဲ့ တရားတော်တွေ သိလာတဲ့အခါ လိုချင်တပ်မက်မှုတွေ နည်းလာမယ်။ ဒေါသအမျက်တွေ နည်းလာမယ်၊ လိုချင်တပ်မက်မှုများတဲ့ မိန်းမရဲ့ ဘဝကို ထိန်းသိမ်းနိုင်စွမ်း ရှိလာမှာ ဖြစ်တယ်။

မိန်းမကောင်း၊ မိန်းမမြတ် ဖြစ်အောင် ဘာသာတရားရဲ့ ထိန်းကွပ်မှုကို အမြဲထိတွေ့နေရမှာ ဖြစ်တယ်။

လူမှန်ရင် ဘာသာတရားနဲ့ မကင်းကြပါဘူး။ ကင်းကြမှလည်း ကောင်းပါတယ်။

ဘာသာတရား မဖက်တဲ့ မိန်းမဖြစ်ဖြစ်၊ ယောကျ်ား ဖြစ်ဖြစ် ကာယကံမှု၊ ဝစီကံမှု၊ မနောကံမှုတွေမှာ ယုတ်ညံ့ နေတတ်ပါတယ်။

မှန်ကန်တဲ့ ဘာသာတရား လုပ်ဆောင်ချက်တွေနဲ့ ညီမှ လူဟာ မှန်ကန်မွန်မြတ်မယ်။

www.burmeseclassic.com

www.burmeseclassic.com



အဲဒါကြောင့် ဘာသာတရား ယုံကြည်ချက်ဟာ လူကို ကြီးကိုင်ထားတာပါပဲ။

ရက်ရောတာ၊ ဖော်ရွေတာ၊ သည်းခံတာ၊ ခွင့်လွှတ်တာတွေဟာ ဗုဒ္ဓဘာသာတရား မြစ်ဖျားခံမှုတွေ ရှိပါတယ်။ အခြား ဘာသာတွေမှာလည်း အဲသည် သဘောတွေ ရှိပါတယ်။

ဘာသာတရား မဖက်ရင် အကျိုးမများဘဲ အဆိုးပွားတယ်။

နိမ့်ကျတဲ့ ဘဝလို့ ယူဆကြတဲ့ မိန်းမဘဝမှာ ဘာသာတရားကို သတိမပြတ် ဆည်းကပ်ရမှာ ဖြစ်တယ်။

ကာမဂုဏ်ငါးပါးကို အတုမဲ့ မွန်မြတ်တဲ့ အရသာ အဲတာထက် သာလွန်ချမ်းသာတာ မရှိတော့ဘူးလို့ ယူဆရင် ဒိဋ္ဌိ အယူဝါဒပါပဲ။

ယခုဘဝမှာ မိန်းမဘဝကနေ နောင်ဘဝမှာ ပြီတ္တာမဘဝကို ရောက်ရင် ရောက်သွားလိမ့်မယ်။

(အံ–၂၊ ၁၂၈၊ အနာသုသာသုတ်)မှာ အဲသက်တိုတဲ့ အကြောင်းတရား လေးပါးရှိတယ်။

၁။ မလုပ်သင့်တာ လုပ်တာ၊

၂။ အတိုင်းအရှည် ပမာဏကို မသိတာ၊

၃။ မကြေလွယ်တဲ့ အစားအစာကို စားတာ၊

၄။ မေထုန်လွန်ကြူးတာတွေပါပဲ။



မိန်းမတွေမှာ (မေထုန်)လို့ ခေါ်တဲ့ မေထုန် အမှုမှာ ရောင့်ရဲနိုင်မှု မရှိကြဘူး။ မရောင့်ရဲနိုင်တဲ့ တရားလေးပါး ရှိတယ်လို့ ဆိုတယ်။

ဖိုတွေထက်များတယ်၊ အစားနှစ်ပြန်၊ ဉာဏ်မှာ လေးဆ၊ လုံ့လခြောက်ပုံ၊ ကာမဂုဏ်ရှစ် လွန်ခင်ဖြစ်လို့ ဆိုတယ်လေ။

သည်စိတ်၊ သည်ဆန္ဒ၊ သည်သွေးသား၊ သည်သဘောတရားတွေကို ဘာနဲ့ထိန်းရမှာလဲ။

ထိန်းလို့ရမှာက ဘာသာတရား လိုက်စားတာပဲ ဖြစ်မယ်။ တရားအသိကို နှလုံးသွင်းတာပဲ ဖြစ်မယ်။

ဖက်ပေါ်ဆူးကျ၊ ဖက်ပေါက်၊

ဆူးပေါ်ဖက်ကျ၊ ဖက်ပေါက်ဆိုတဲ့ မိန်းမဘဝမှာ ဘုရားကို ထာဝရ သတိရ တ,နေရမယ်။

ခလုတ်ထိမှ
ဘုရားမတပါနဲ့၊
ခလုတ်ထိမှ
သံဃာမတပါနဲ့၊

မိန်းမပီသရအောင် ထာဝရ ဘာသာတရားနဲ့ အေးလျော်နေပါ။

*****

www.burmeseclassic.com

www.burmeseclassic.com

## မိန်းမမြတ် ဂုဏ်အင်္ဂါ (၉)ဖြာ

သာမုဒ္ဒြိယကျမ်းလာအရ မိန်းမမြတ်ဂုဏ်အင်္ဂါ ကိုးဖြာရှိပါတယ်။

၁။ အိမ်တွင်းမှုတွေမှာ သေသပ်သန့်ရှင်းစွာ ပြုလုပ်စီမံတတ်တာက အင်္ဂါတစ်ချက်။

၂။ ကိုယ့်ရဲ့လင်ကလွဲလို့ ဖွဲ့နဲ့ဆန်ကွဲလို့ တွေးပြီး အခြားယောကျ်ားတွေကို စိတ်မကူးတာ။

၃။ လင်ရှာပေးတဲ့ ပစ္စည်းဥစ္စာကို သိမ်းဆည်းတာ။

၄။ လင်ရဲ့ စီမံ တိုင်ပင်မှုတွေကို ခံယူတာ။

၅။ လင့်အလိုက်ကို သိပြီး ပြုတတ်တာ။

၆။ ရာသီနဲ့အလိုက် လင်ကို ဝတ်ဆင်ပေးတာ။



၇။ လင့်နောက်မှ အိပ်တာ။

၈။ လင့်အရင်ထတာ။

၉။ ပြုံးသောမျက်နှာနဲ့ ချိုသာတဲ့စကား ရှိတာပါ။

မိန်းမမြတ်ရဲ့ ဘဝကို မရဘဲ မိန်းမသားဘဝကို ရောက်ရတဲ့ အချက် ဆယ့်သုံးချက်လည်း ရှိပါတယ်။ တစ်ခါတစ်ရံမှာ ပတ်ဝန်းကျင်ကြောင့်နဲ့ ကိုယ့်လင်ကြောင့် မိန်းမကောင်းဘဝက မိန်းမပျက်ဘဝကို ရောက်တတ်ကြပါတယ်။

အဲသည့် ဆယ့်သုံးချက်က–

၁။ ယောကျ်ားတစ်ယောက်နဲ့ ပျော်ပါး ပေါင်းဖော်နေရတယ်လို့ အိပ်မက် အတန်တန်မက်တာ။

၂။ ခင်ပွန်းလင်နဲ့ ကြာမြင့်စွာ ဝေးကွာကွေကွင်းနေတာ။

၃။ လင်က အိုနေတာ။

၄။ မိန်းမတန်မဲ့ အရက်သောက်တာ။

၅။ လင်က မယားငယ်နေတာ။

၆။ လင်ကြီးက အိုရွတ်တွနေတာ။

၇။ ပျက်နေတဲ့ မိန်းမတွေနဲ့ ရောနှောနေတာ။

၈။ ကောင်းတဲ့ အသက်မွေးဝမ်းကျောင်း မကြာခဏ ပျက်စီးတာ။

၉။ အိုးအိမ်ကို အတည်တကျ မနေတာ။

၁၀။ ပွဲကြိုက်တာ၊ အပျော်ကြိုက်တာ၊

www.burmeseclassic.com

www.burmeseclassic.com

၁၁။ ကိုယ့်ကိုယ်ကို ထိန်းနေရတာ။

၁၂။ ဖခင်ရဲ့ အုပ်ထိန်းမှုနဲ့ ကြာမြင့်စွာ နေရတာ။

၁၃။ ယောက်ျားတွေကြားထဲ ရောက်နေတာပါပဲ။

မိန်းမကောင်းလေးတွေဟာ မပျက်သင့်ဘဲ ပျက်ကြရတာ အဲသည့် အချက်တွေကို ဂရုမမူမိကြလို့ပါပဲ။

မိန်းမဘာဝမှာ ထိန်းနိုင်မှသာ တော်ရာကျပါတယ်။

စကားပုံကတောင် သမီးတစ်ကောင် နွားတစ်ထောင်လို့ ဆိုခဲ့တယ် မဟုတ်လား။

*****

# မိန်းမကောင်းဖြစ်ဖို့ အတွက် လိုတဲ့ (၂၁)ချက်

၁။ အပြောအဆို ဆက်ဆံမှု ယဉ်ကျေးသိမ်မွေ့ခြင်း၊

၂။ ပညာဉာဏ် ဗဟုသုတကို စုဆောင်းဖို့ မမေ့လျော့သူတစ်ယောက်အဖြစ် အမြဲရှိနေခြင်း၊

၃။ ကုသိုလ်ကောင်းမှုကို ပြုဖို့ မမေ့လျော့သူတစ်ယောက်အဖြစ် အမြဲရှိနေခြင်း၊

၄။ သန့်သန့်ပြန့်ပြန့် ဖီးလိမ်းခြင်းနှင့် သူ့နေရာနှင့်သူ စနစ်တကျ ဝတ်စားဆင်ယင်မှုရှိခြင်း၊

၅။ မြန်မာ့ယဉ်ကျေးမှု အလှအပကို ဦးစားပေး၍ မယုတ်မလွန် ဝတ်စားဆင်ယင်တတ်ခြင်း၊

၆။ အလှအပကို တရားလွန် မက်မောမှုမရှိခြင်း၊

www.burmeseclassic.com

www.burmeseclassic.com



၇။ အတွင်းစကား အပြင်ပို့၊ အပြင်စကားကို အတွင်းပို့ ပြောဆိုတတ်သည့် အလေ့အထ မရှိခြင်း၊

၈။ ကောက်ကျစ်စဉ်းလဲမှု မရှိခြင်း၊

၉။ အသွားအလာနှင့် အပျော်အပါးကို ဆင်ခြင်မှုဖြင့် သွားလာတတ်ခြင်း၊

၁၀။ ဖွယ်ဖွယ်ရာရာ ချက်ပြုတ်တတ်ခြင်းနှင့် အိမ်တွင်း သန့်ရှင်းစွာ နေထိုင်တတ်ခြင်း၊

၁၁။ အသုံးအစွဲ ဆင်ခြင်တတ်ခြင်းနှင့် ချွေတာစုဆောင်း တတ်ခြင်း၊

၁၂။ မိဘ သို့မဟုတ် အုပ်ထိန်းသူ၏ သွန်သင်ဆုံးမမှုကို လိုက်နာခြင်း၊

၁၃။ မိမိပြုလုပ် တာဝန်ဖြစ်သော လုပ်ငန်းရပ်များကို ပျင်းရိမှု မရှိဘဲ သေသပ်ဖျတ်လတ်စွာ လုပ်ကိုင်ဆောင်ရွက် တတ်ခြင်း၊

၁၄။ အချစ်ရေးကို မျက်စိနှင့် ရွေးချယ်တတ်ခြင်း မရှိဘဲ နားနှင့် ရွေးချယ်တတ်ပြီး အလွယ်တကူ လက်ခံမှု မရှိခြင်း၊

၁၅။ ကြင်ဖော်ရှိပါက ကြင်ဖော်ကို ပြုစုယုယတတ်ခြင်းနှင့် အိမ်ထောင်ရေးကို ထိန်းသိမ်းတတ်ခြင်း၊



၆။ မိမိ ကြင်ဖော်မဟုတ်သော ယောကျ်ား များနှင့် အရောတဝင် မနေတတ်ခြင်း၊

၁၇။ ဇနီးကောင်းတစ်ယောက် ဖြစ်အောင် ကြိုးစားရုံမျှမက မိခင်ကောင်း ဖြစ်အောင် ကြိုးစားခြင်း၊

၁၈။ သားသမီးများအပေါ် နားလည်အောင် ကြိုးစားခြင်း၊

၁၉။ နေထိုင်ရာ ပတ်ဝန်းကျင် အိမ်နီးနားချင်းနှင့် အဆင်ပြေ အောင် နေထိုင်ခြင်း၊

၂၀။ အိမ်ထောင်သည် ဘဝသို့ ရောက်သည့်အခါ သျှောင် နောက် ဆံထုံးပါမြဲ အဆိုရှိ၍ လင်သားနောက်သို့ လိုက်ပါရပြီး လင်၏မိဘ၊ သမီး၊ ယောက်မ၊ လင်၏ ပတ်ဝန်းကျင်နှင့် သင့်မြတ်အောင် သည်းခံ လိုက်လျော အကင်းပါးစွာ နေထိုင်ပြောဆိုတတ်ခြင်း၊

၂၁။ တစ်လင် တစ်မယား အဖြစ်နှင့် ဆိုးတူကောင်းဘက် အိုအောင်မင်းအောင် ရာသက်လုံး နေထိုင်သွားခြင်း။

*****

www.burmeseclassic.com

www.burmeseclassic.com

## မယားဆိုး ၁၅, မယားမြတ် ၈–ယောက်

မိန်းမဘဝကို ရတဲ့အခိုက်မှာ မယားမြတ် စာရင်းဝင်ဖြစ်ဖို့ဟာ သိပ်ကို လိုအပ်တဲ့ အကြောင်းတရားပါပဲ။

မယားမြတ်ဖြစ်မှ လင်ကချစ်၊ ယောက္ခမက သနားပြီးတော့ ပတ်ဝန်းကျင်က လေးစား၊ ကိုယ်တိုင် မိခင်ဘဝနဲ့ အမျိုးကောင်း သားကောင်း သမီးကောင်းတွေ မွေးနိုင်မှာ မဟုတ်လား။

ယုတ်ညံ့တဲ့ မယားဆိုတာ စွန့်ပယ်ခံရတဲ့ စာရင်းဝင် ဖြစ်ပါတယ်။

ရှောင်ကြဉ်အပ်တယ်လို့ ရှေးပညာရှိတို့ ဆိုခဲ့တဲ့ မယားမျိုး ဆယ့်ငါးယောက် ရှိတယ်။



၁။ အရှက်ကင်းသော မယား၊

၂။ အကြောက်ကင်းသော မယား၊

၃။ ပျင်းရိတဲ့ မယား၊

၄။ ညစ်ပတ်လွန်းတဲ့ မယား၊

၅။ ဝန်တိုစဉ်းလဲတဲ့ မယား၊

၆။ နူနာရှိတဲ့ မယား၊

၇။ လင်ကို မချစ်တဲ့ မယား၊

၈။ ကြော့ကြဲမ်း ဟော့ရမ်းတဲ့ မယား၊

၉။ သားယောကျ်ား မဖွားသော မယား (ဆယ်နှစ်ဆိုင်းငံ့ရတယ်)၊

၁၀။ မြုံသောမယား (ရှစ်နှစ်ဆိုင်းငံ့ရတယ်)၊

၁၁။ မိုးသူနဲ့တူတဲ့ မယား၊

၁၂။ သခင် အရှင်နဲ့တူတဲ့ မယား၊

၁၃။ ရန်သူနဲ့တူတဲ့ မယား၊

၁၄။ ရန်ငြိုးဖွဲ့တတ်တဲ့ မယား၊

၁၅။ သစ္စာမရှိတဲ့ မယားတို့ရယ်ပါပဲ။

အဲသည် မယားမျိုးတွေဟာ မယားဆိုးတွေဖြစ်ပြီး၊ စွန့်ပယ်အပ်တဲ့ စာရင်းမှာ ဝင်ပါတယ်။

မိန်းမတွေမှာ လူပုံသဏ္ဌာန်ချင်း ဘယ်တော့မှ တူသလို စိတ်သဘောထားချင်း (ညာဉ်)ချင်လည်း ဘယ်

www.burmeseclassic.com

www.burmeseclassic.com



တော့မှ မတူနိုင်ပါဘူး၊ဆိုးသူက ဆိုးတာပါပဲ။ ညာဉ်သဘောပါပဲ။

အဲသည်လို ညာဉ်ဆိုး မယားနဲ့ ပေါင်းရရင် လင်ကောင်း တဖားဖား ဖြစ်ရတော့တယ်။ အချင်းချင်း အတိတ်အကြောင်း မသိကြပါဘဲလျက် ချစ်မိကြတာ၊ အိမ်ထောင်ပြုမိကြတာဟာ မုချအမှားကို ဖြစ်စေတယ်။ အိမ်ထောင်ရေးအချစ်ရေးတွေက ကျယ်ဝန်းလှလို့ ပြည့်စုံကျွမ်းကျင်မှု မရှိနိုင်ကြပါဘူး။ မယားဆိုးကို ရှောင်လို့ မယားမြတ်ကို ရှာတတ်ရမှာ ဖြစ်ပါတယ်။

မယားမြတ် မယားလိမ္မာ ရှစ်ယောက်ကတော့–

၁။ ဘေးရန်ရှိတဲ့အခါ အတိုင်ပင်ရတဲ့ မယား၊
၂။ လင်ကို ကျွန်သဖွယ် လုပ်ကျွေးတတ်တဲ့ မယား၊
၃။ ကာမဂုဏ်ကိစ္စမှာ လင်အလိုအတိုင်း မွေ့လျော်တတ်တဲ့ မယား၊
၄။ တင့်တယ်လှပမှုကို ပြုပြင်တတ်တဲ့ မယား၊
၅။ လင်ကို အဝတ်တန်ဆာ ပြင်ဆင်ပေးတဲ့ မယား၊
၆။ ထမင်းစားတဲ့အခါ အမိကဲ့သို့ ပြင်ဆင်ပေးတဲ့ မယား၊
၇။ လင်ရဲ့ အလိုမှာ သည်းခံတတ်တဲ့ မယား၊
၈။ လင်ကို ပကတိ အခါ၌ မောင်ဘွားကဲ့သို့ ရိုသေရှက်ကြောက်တတ်တဲ့ မယားတို့ဟာ ချစ်စရာကောင်းတဲ့ မယားအလိမ္မာတွေပါပဲ။



## မိန်းမမြတ်ဖြစ်ကြောင်း တရားလေးပါး

ပုခက်လွှဲသောလက်က ကမ္ဘာကို အုပ်စိုးတယ်လို့ အဆိုရှိပါတယ်။ မိန်းမမြတ်များတဲ့ နိုင်ငံမှာ လူရည်ချွန်သားကောင်း၊ သမီးကောင်းတွေ များမယ်၊ မိန်းမမြတ် များတာနဲ့အမျှ အဲသည်နိုင်ငံ တိုးတက်မယ်။

မိန်းမတွေဟာ အဓိက ကဏ္ဍတွေမှာ ရှိနေတယ်။

မိခင်တွေဟာ အညာပါပဲ။

မိန်းမကောင်း(အင်္ဂါ) ဆယ့်နှစ်ပါးနဲ့ ပြည့်စုံမှ မိန်းမမြတ် ဖြစ်မယ်။

www.burmeseclassic.com

www.burmeseclassic.com



## မိန်းမကောင်းအင်္ဂါ ဆယ့်နှစ်ဖြာ

မိန်းမကောင်းတို့မှာ၊ လက္ခဏာက--
"ဆယ့်နှစ်ပါးတွင်၊ ပြုပြင်ကောင်းခြင်း၊
ထမင်းဟင်းလျာ၊ ချက်တတ်စွာ၏၊
ကောင်းရာဆေးပြင်၊ လိမ္မာအင်နှင့်၊
ဖွပ်ခြင်းပုဆိုး၊ ဝတ်မျိုးကျေပွန်၊
တတ်မွန်လိမ္မာ၊ ချည်တာရက်ကန်း၊
ဆီးလှမ်းဥစ္စာ၊ မြဲစွာသာထား၊
လိမ္မာအားနှင့်၊ ယောကျ်ားနောက်မှ
အိပ်ရမည်သာ၊ ထ,ကာအရင်၊
စားလျှင် နောက်မှ၊ ကိစ္စသမှု၊
ပြုကြရသမျှ၊ ပန်းကြားမလေ့၊
သိမ်မွေ့သာယာ၊ ချိုသာစကား၊
ယောကျ်ားဆုံးမ၊ လိုက်နာကြ၏၊
တစ်ပါးအိမ်ရာ၊ ကူးလာမသွား၊
လိမ္မာအားနှင့်၊ ကောင်းသားကျင့်ခြင်း၊
ရှေးမင်းမွေသတ်၊ မှာတတ်သည်၊
ပုတ်ခတ်ဆဲရေး၊ ကင်းဝေးစေကြောင်း၊
မယားကောင်း"ရယ်လို့ ရှိပါတယ်။



မယားကောင်းတစ်ယောက်ဟာ တကယ် လိုက်နာမှ တကယ်ဖြစ်နိုင်တယ်။ လွယ်လွယ်ကူကူနဲ့တော့ မဖြစ်နိုင်ပါဘူး။ မယားကောင်း ဖြစ်အောင် ကြိုးစားခြင်းက မိန်းမမြတ် ဖြစ်ခြင်း ရယ်ပါ။

မိန်းမမြတ် ဖြစ်အောင်လည်း အောက်ပါ အကြောင်းတရား (၄)ပါးနဲ့ ပြည့်စုံရပါမယ်။

(သီလဝတီ) ဆိုတဲ့ အကျင့်သီလ ဂုဏ်ရှိတာ၊

(မေဓာဝိနီ)ဆိုတဲ့ အမြော်အမြင် ဆင်ခြင်ဉာဏ်နဲ့ ပြည့်ဆုံတာ၊

(သဿုဒေဝါ)ဆိုတဲ့ ယောက္ခမကို အိမ်ဦးနတ်ကဲ့သို့ ဆည်းကပ်တာ၊

(ပတိဗ္ဗတာ) ဆိုတဲ့ လင်ကို ရိုသေယုယတာတွေ ပါပဲ။

မိန်းမမြတ်တွေရဲ့ အရည်အသွေးမှာ မိန်းမတော် ဖြစ်ရုံနဲ့ မရဘူး။ မိန်းမကောင်း ဖြစ်ရတယ်၊ မိန်းမမှန် ဖြစ်ရတယ်။ အဲသည်လိုကောင်းခြင်း၊ တော်ခြင်း၊ မှန်ခြင်းတွေ ပြည့်စုံမှသာ မိန်းမစာရင်းဝင်မှာ ဖြစ်ပါတော့တယ်။

*****

www.burmeseclassic.com

www.burmeseclassic.com

## ကညာ ဗဟုသုတ

၁။ ရှစ်နှစ်အရွယ် အမျိုးသမီးကို ဂေါရီလို့ ခေါ်ပါတယ်။
၂။ ဆယ့်နှစ်အရွယ် အမျိုးသမီးကို ကညာလို့ ခေါ်ပါတယ်။
၃။ ဆယ့်နှစ်နှစ်အရွယ်ကိုတော့ ကုမ္မာရီတဲ့။
၄။ ဆယ့်သုံးနှစ်အရွယ်ကို သွေးစုန်းတဲ့။
၅။ ဆယ့်ငါးနှစ်အရွယ်ကို မျက်မည်း။
၆။ နှစ်ဆယ်နှစ်အရွယ်ကို မျက်ဝန်း။
၇။ နှစ်ဆယ့်ငါးနှစ်အရွယ်ကို မျက်ညွန်း။
၈။ လေးဆယ်အရွယ်ကို မြောင်းတူးလို့ ခေါ်တယ်။

BURMESE CLASSIC .com



မနုစ်တ္တာရ ဓမ္မသတ်ကျမ်းမှာတော့ ဆယ်နှစ်အရွယ်ကို ကလျာဏီလို့ ခေါ်တယ်။ ခုနစ်နှစ်အရွယ် မိန်းကလေးကို ဒါရိကာလို့ ခေါ်တယ်။

မိန်းမတွေမှာ သီရိသုံးပါး ရှိပါတယ်။ အဲဒါက ကြိုးတန်း၊ ကြိမ်တန်းအောက် မဝင်ရတာ၊ ထဘီအထက်အောက် လှန်မဝတ်ရတာ။ ပြီးတော့ ခြေမဆေးဘဲ အိပ်ရာမဝင်ရတာပါပဲ။ မိန်းမဘာဝမှာ တာဝန်တွေ များလှပါတယ်။ ယောကျ်ားမှာ ခြေဆေး အိပ်ရာဝင်ရမယ်လို့ ကျမ်းဂန်မှာ ရှာမတွေ့ဘူး။ မိန်းမတွေမှာ ခြေဆေး **အိပ်ရာဝင်ရမှ သီရိကျက်သရေရှိမှာ** ဖြစ်တယ်။

www.burmeseclassic.com

www.burmeseclassic.com



# မိန်းမတို့ကျွန်ဖြေ ရွှေပေးလို့မရ

မိန်းမဘဝဟာ
အသက်နဲ့သာ
လူလုပ်နေတာ မဟုတ်၊
အရှက်နဲ့လည်း
ရှင်သန် လူလုပ်ရတယ်။
မိခင်လက်ဟာ
ကမ္ဘာကိုအုပ်စိုး
သားမြတ်၊ သမီးမြတ်
ပျိုးခင်းပဲ။
လူ့လောကကြီးဟာ
မိန်းမတွေရှိမှသာ
တည်မြဲနေမှာ ဧကန်။
မိန်းမ မရှိ
ကမ္ဘာ မရှိ
ယဉ်ကျေးမှု မရှိ
အဲဒါ အားလုံးသိကြတယ်။
တကယ့်မိန်းမ
ဘာမှ ပြဆွယ်မရ
ဆင်းရဲမလား၊ ဘာများမှုမှာလဲ
လှည့်စားတော့ မကြီးပွားဘူးဟေ့--
ငတ်မလား၊ ငတ်လို့သေသွားစမ်း
ငရဲလမ်း ရောက်ချင်ရောက်ပေါ့
မိန်းမကောင်းပန်းပန်
တစ်ပွင့်ပန်ပဲ
အလဲမလှဲ
နိုင်မြဲတဲ့စိတ်ဓာတ်
မိန်းမမြတ်တွေမှာ ရှိတယ်။
ငွေပေးလို့ရတာ အပေါစားမ
မိန်းမဈေးဖျက်မ
ခွေးမနဲ့နှိုင်း
ခပ်ရိုင်းရိုင်းပဲ ပြောရမယ်။
တကယ့်မိန်းမကောင်း
တကယ့် မိခင်မြတ်

www.burmeseclassic.com

www.burmeseclassic.com



သင်ဘာ့နဲ့ ချဉ်းကပ်မလဲ။
ငွေပေးလည်း မရနိုင်
ရွှေပေးလည်း မရနိုင်
ဣန္ဒြေက သံတိုင်
ရွှေခိုင်နဲ့ ရိုက်ချိုးလည်း
မကျိုးနိုင်ဘူး။
သစ္စာ
မေတ္တာ
သမာဓိဟာ
မိန်းမမြတ်တွေမှာရှိ။
(ရှေ့ကို)သာ ကြည့်ရင်
မိခင်ကောင်းတွေ
ဘယ်မှာ ရှာတွေ့တော့မှာလဲ။
စကားဆိုရိုး
ခေတ်အမျိုးမျိုး ဆက်ရှင်သန်နေ
မိန်းမတို့ ဣန္ဒြေ
ရွှေပေးလို့မရဘူးတဲ့လေ။ ။

(ဣန္ဒြေရှင် မိန်းမမြတ်များ ဖြစ်ကြပါစေ)

**သုတေသီ-ဘုန်းမြင့်သွေး**

# ကျမ်းကိုးစာရင်း

၁။ မာန်လည်ဆရာတော် – မဃဒေဝ လင်္ကာသစ်။
၂။ လယ်တီပဏ္ဍိတ ဦးမောင်ကြီး – စာဏကျနီတိ။
၃။ လယ်တီ ကောဝိဒ – ကာဗျဘာရတီ။
၄။ စိန္တကျော်သူ ဦးဩ – ဩဝါဒထူးပျို့။
(ဆရာလှတည်းဖြတ်)
၅။ အရှင်ဣန္ဒြိယ – စိတ်နှင့် ကံတရား။
၆။ ပီမိုးနင်း – သမီးဂုဏ်ရည်။
၇။ ပီမိုးနင်း – စိတ်တန်ခိုး။
၈။ ဦးရန်အောင် – အိမ်ထောင်ရေးလမ်းညွှန်။
၉။ ဝိဇ္ဇာဘွဲ့ရ ရဲထွန်းလှ – သားများသို့။
၁၀။ ရှေရီအောင်သစ် – လူ့ဘ္ဘိရှုပ်၊ ခန့်ဟူကာ။
၁၁။ တိုင်းရင်းမေ မဂ္ဂဇင်းများ။
၁၂။ လုံမလေး မဂ္ဂဇင်းများ။
၁၃။ ဦးသန်းထွတ် – ကမ္ဘာ့ပညာရှိများ၏ ကောက်နုတ်ချက်စကားများ
၁၄။ ဒေါ်သောင်းရွှေ – စကားပုံပေါင်းချုပ်။
၁၅။ ညောင်ရမ်းဇေယျပဏ္ဍိတ – လောကသဘာဝ သဘောတရားများ။ ၂၃။

www.burmeseclassic.com

www.burmeseclassic.com



၁၆။ ဦးဝင်းလှိုင်(မန္တလေး) – သုတပဒေသာအဘိဓာန်။
၁၇။ မောင်ဇနိယ – မြန်မာ့ရိုးရာသုတပဒေသာ။
၁၈။ ဆင့်ဘဝမင်္ဂလာဇင်းများ။
၁၉။ တက်တိုး – အချစ်နှင့် စိတ်ပညာ။
၂၀။ လှသမိန် – လူ့သဘော၊ လူ့မနော။
၂၁။ မင်းဇော် – အချစ်နှင့် စိတ္တဗေဒ
ပြဿနာများ။
၂၂။ ဒေါက်တာအုန်းကျော် – စိတ်အပေါ်အမြင်။
၂၃။ ဦးအေးမောင် – စိတ်ပညာနှင့်
ကိုယ်ကျင့်တရား။
၂၄။ စလင်းဆရာတော် ဦးလှ – သမီးပျို ဆုံးမစာ။
၂၅။ ရွှေလင်းသက်ဝေ – ကမ္ဘာကျော်
အချစ်မှတ်စုများ။
၂၆။ ဦးမောင်မောင် – လူရည်ချွန် သားနှင့်
သမီးထံ ပေးစာများ။
၂၇။ ရဝေထွန်း – လူ့အမြုတေ။

*****

www.burmeseclassic.com